မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဦးတန်ခူးလပြည့်ကျော် ၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဧပြီ ၂၄ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၇)၊ အမှတ်(၂၀၂)

ဓမ္မစရိယာစ တေ မင်္ဂလ မုတ္တမံ

တရားတော်နှင့်အညီ ကျင့်ကြံခြင်းသည် မြတ်သော မင်္ဂလာမည်၏။

■ အခြေခံဥပဒေ အတည်ပြုရေးသည် ယနေ့ ပြည်သူအားလုံး၏ အမျိုးသားရေးတာဝန် ဖြစ်သည်။ အမျိုးသားရေးအကျိုး လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့။

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက်(၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး	* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး	* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး	* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး	* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေးကျင်းပ

နေပြည်တော် ဧပြီ ၂၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး(၇/၂၀၀၈)ကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရုံးအမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ✳

သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး(၇/၂၀၀၈)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း သတင်းနှင့် ဆောင်းပါး အညွှန်း

❐ အခုအခြေခံဥပဒေရဲ့ အဓိကအကျဆုံး အနှစ်သာရကတော့ ပါတီစုံ ဒီမိုကရေစီစနစ်ကို စစ်မှန်စွာနဲ့ စည်းကမ်းပြည့်ဝစွာ ကျင့်သုံးနိုင်အောင် ဖော်ဆောင်ပေးထားခြင်း ဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းအတွက် အနာဂတ်အရေး ထာဝစဉ် စိတ်အေးရမယ့် ဖော်ဆောင်မှုဖြစ်ပါတယ်။

အငြိမ်းစားဝန်ထမ်းတစ်ဦး၏ ဆောင်းပါး စာ-၁၀

❐ ဂျပန်နိုင်ငံ၌ပွင့်သော ချယ်ရီပန်းများ အာကာသတွင် သုတေသနပြု စိုက်ပျိုးသွားမည်

အာကာသသိပ္ပံသတင်း စာ - ၄

❐ နောက်ဆုံးပေါ်အိုင်တီနည်းပညာသုံး ဆမ်ဆောင်းလက်ကိုင်ဖုန်းထုတ်လုပ်

ဆက်သွယ်ရေးနည်းပညာသစ် စာ - ၅



နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၈ ခုနှစ် ဧပြီ ၂၄ ရက်)

မီးဘေးအန္တရာယ် မဖြစ်ပွားစေရေး ပြည်သူများ အသိစိတ်ဓာတ်ဖြင့် လိုက်နာဆောင်ရွက်

နွေဥတုသည် ပူပြင်းခြောက်သွေ့သော ကာလဖြစ်၍ မီးလောင်မှုအများဆုံး ဖြစ်ပွားလေ့ရှိသည်။

နှစ်စဉ်နှစ်တိုင်း မီးလောင်မှုအဖြစ်ပွားဆုံးလများမှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများဖြစ်သည့်အတွက် အဆိုပါလများ၌ ပြည်သူများ မီးကိုပိုမိုဂရုစိုက်ကြရမည် ဖြစ်သည်။

တစ်နေ့တခြားတိုးတက်များပြားလာသော လူဦးရေနှင့် လူနေမှုအဆင့်အတန်းမြင့်မားလာသဖြင့် လျှပ်စစ်နှင့် လျှပ်စစ်အသုံးအဆောင်ပစ္စည်းများကို အသုံးပြုသည့်အခါ အမြဲသတိချပ်သင့်ပြီး မီးကိုမပေါ့ဆရန် သတိထားကြရမည်ဖြစ်သည်။

ထို့ပြင်ဖယောင်းတိုင်မီးဖြင့် မော်တော်ကားနှင့် မီးစက်ဆီဖြည့်ခြင်း၊ အိပ်ရာခုတင်အနီး ခြင်ဆေးခွေထွန်းခြင်း၊ အောက်ခံမပါဘဲ ဘုရားမီးပူဇော်ခြင်း၊ အိပ်ရာတွင် ဖယောင်းတိုင်မီးဖြင့် စာကြည့်ခြင်း စသည့် ပေါ့ဆမှုဖြစ်ရပ်များ မဖြစ်စေရေး ရှောင်ကြဉ်ကြရမည်ဖြစ်သည်။

၂၀၀၈ ခုနှစ် မတ်လအတွင်း နိုင်ငံတစ်ဝန်းလုံး၌ မီးလောင်မှု ၁၆၂ကြိမ်ဖြစ်ပွားခဲ့ရာ မီးဖိုမီး၊ ပေါ့ဆမီး ၁၃၄ကြိမ်၊ အလိုအလျောက်မီး နှစ်ကြိမ်၊ လျှပ်စစ်မီး ၁၂ကြိမ်၊ မသမာသူရှို့မီး ကိုးကြိမ်၊ တောမီး လေးကြိမ်၊ သောင်းကျန်းသူရှို့မီး တစ်ကြိမ်ပါဝင်သည်။ အဆိုပါမီးလောင်မှုအကြိမ်စုစုပေါင်း၏ ၈၂ဒသမ ၇၂ရာခိုင်နှုန်းတွင် မီးကိုမဆင်မခြင်သုံးစွဲမှုကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။

မီးလောင်မှုကြောင့် အချိန်ယူတည်ဆောက်ထားရသော စီးပွားရေး၊ လူမှုရေး အခြေခံအဆောက်အအုံများ၊ လူနေအိမ်များနှင့် တန်ဖိုးမဖြတ်နိုင်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ ပျက်စီးဆုံးရှုံးပါက နိုင်ငံတော်အတွက် များစွာနစ်နာရပေသည်။ထို့ကြောင့် ပြည်သူတစ်ရပ်လုံးက မီးလောင်မှုကို သာမန်သဘောမျိုး၊ လူ့အဖွဲ့အစည်းအတွင်း ဖြစ်တတ်သော သဘောမျိုးမယူဆဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးကြန့်ကြာစေသည့် ဘေးအန္တရာယ်အဖြစ် သတိပြုတားဆီး ကာကွယ်သွားကြရမည်ဖြစ်သည်။

ပြည်သူများမီးဘေးအန္တရာယ် သိရှိလိုက်နာဆောင်ရွက်ရေးအတွက် မီးသတ်ဦးစီးဌာနက တစ်အိမ်တက်ဆင်း မီးသုံးစွဲမှုစစ်ဆေးခြင်း၊ လိုက်လံသတိပေးနှိုးဆော်ခြင်း၊ အသိပညာပေးဟောပြောခြင်း စသည်တို့ကို ပွင့်လင်းရာသီကာလအတွင်း အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ရာ မီးဘေးအန္တရာယ်ကင်းဝေးစေရေးအတွက် ပြည်သူများအပိုင်းက အသိစိတ်ဖြင့် သတိထား ဆင်ခြင်လိုက်နာဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မရမ်းကုန်းမြို့နယ် ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်း ဆောက်လုပ်ရန် ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် တာမွေမြို့နယ် ကျိုက္ကဆံ RLV တာဝါ အမှတ်(၇) ၆-B နေ နှစ်ဖက်သော မိဘများကို အမှူးထား၍ ဦးအောင်ကြည်ဝင်း-ဒေါ်တင်တင်ရီ၊သမီး မရှုတိုင်းယဉ်အောင်၊ မရှုမဝအောင်၊ သား စည်သူထက်အောင် (ရှုဝံလျှပ်စစ်) မိသားစုက ငွေကျပ်တစ်သိန်းလှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးသိန်းထွန်း၊ ဦးမောင်လှိုင်နှင့် ဦးအေးမြင့်တို့က လက်ခံယူကြသည်။ **(အောက်ပုံ)**

အဆိုပါ စောင်းတန်းတော်ကြီး တည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆နှင့် ၇၀၃၇၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (က-ပ)

တိုင်းမှူးဗိုလ်ချုပ်သောင်းအေးနှင့် ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲများတက်ရောက်

နေပြည်တော် ဧပြီ ၂၃

ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သောင်းအေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့သည် ဧပြီ ၁၉ ရက် နံနက်ပိုင်းက နမ့်စန်မြို့ သီရိမင်္ဂလာမြို့ဦးကျောင်းတိုက်၌ ဆရာတော်ဘဒ္ဒန္တကောဝိဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် ယင်းကျောင်းတိုက်၌ ကျင်းပသည့် နမ့်စန်မြို့ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်လှူဒါန်း

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးတို့သည် မွန်းလွဲပိုင်းတွင် လွိုင်လင်မြို့ ရတနာစည်ပရိယတ္တိစာသင်တိုက်၌ ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ယင်းကျောင်းတိုက်အတွင်းရှိ သုတရတနာမဏ္ဍာရုံ၌ ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေး အလှူငွေပေးအပ်ပွဲသို့ တက်ရောက်ကာ လွိုင်လင်မြို့ပေါ်ရှိ ရပ်ကွက်ကြီး လေးရပ်ကွက်၊ ပင်လုံမြို့နယ် ရပ်ကွက်ကြီး လေးရပ်ကွက်နှင့် ကျေးရွာအုပ်စုများ ဖွံ့ဖြိုးရေးအတွက် အလှူငွေပေးအပ်လှူဒါန်းကြသည်။

တွေ့ဆုံ

တိုင်းမှူးနှင့် ဝန်ကြီးတို့သည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် ဟိုပုံးမြို့နယ် မြို့နယ်ခန်းမ၌ ရပ်မိရပ်ဖများ၊ ကျေးရွာသူ ကျေးရွာသားများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ ထို့နောက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် တိုင်းမှူး၊ ဝန်ကြီးတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ တောင်ကြီးခရိုင်အတွင်းရှိ မြို့နယ်များမှ အလုပ်အမှုဆောင်များ၊ အသင်းဝင်များအား တွေ့ဆုံ၍ အမှာစကား ပြောကြားသည်။

ဆွေးနွေး

ဆက်လက်၍ ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းသည် ဧပြီ ၂၁ ရက်တွင် ညောင်ရွှေမြို့ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌လည်းကောင်း၊ ကလောမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ရုံးခန်းမ၌လည်းကောင်း ကျေးရွာရပ်မိရပ်ဖများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များအား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စမ်းချောင်းရပ်ကွက်လုံးဆိုင်ရာ ရွာဦးသဲပုံစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်နှင့် အသံမစဲမဟာပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

နှစ်စဉ်ကျင်းပမြဲဖြစ်သော စမ်းချောင်းရပ်ကွက်လုံးဆိုင်ရာ ရွာဦးသဲပုံစေတီတော်မြတ်ကြီး၏ နှစ် (၁၅၀)ပြည့် ဗုဒ္ဓပူဇနီယပွဲတော်နှင့် (၂၅)နှစ်မြောက်ငွေရတု အသံမစဲ မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ အခမ်းအနားကို ဧပြီ ၂၆ရက်မှ မေ ၆ ရက် (နှောင်းတန်ခူးလပြည့်ကျော် ၆ရက်မှ ကဆုန်လဆန်း ၂ရက်)အထိ ၁၁ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။ ဧပြီ ၂၇ ရက်မှ မေ ၁ရက်အထိ ငါးရက်တိုင်တိုင် သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်း ဒေသနာများ ရွတ်ဖတ် ပူဇော်မည်ဖြစ်သည်။ ဗုဒ္ဓပူဇနီယပွဲတော်ရက်အတွင်း တရားပွဲများကျင်းပမည်ဖြစ်ရာ မေ ၄ ရက်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရ၊ ၅ရက်တွင် သီတဂူဆရာတော် ဒေါက်တာ ကတ္တိဗလနှင့် ၆ ရက်တွင် ရွာဦးသဲပုံစေတီတော် ဩဝါဒါစရိယ အရှင်စရိယတို့က ညစဉ် ၇ နာရီခွဲမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များဟောကြားမည်ဖြစ်သည်။ (က-ပ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း (ဗဟန်း ၃ လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၂၂ ယုဇနလမ်း ရေကျော် ပုဇွန်တောင်နေ မိခင်ကြီး ဒေါ်အမာအား ရည်စူး၍ ဦးကြည်လွင်-ဒေါ်တင်ရီ၊ ဦးမြင့်စိန်-ဒေါ်မူမူဝင်း၊ ဦးမြင့်ရှိန်-ဒေါ်စန်းတင့်၊ သားသမီးမိသားစုက ငွေကျပ်နှစ်သိန်းငါးသောင်းငါးထောင်ကို ဥက္ကဋ္ဌ ဦးရှိန်ဝင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

မြဝတီရုပ်မြင်သံကြား

၂၄-၄-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရှောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀	၇။	သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅	၈။	မြန်မာသင်္ကြန်
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	အမျိုးသားရေးတေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	**မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်**
၄း၅၀	၆။	မြန်မာသင်္ကြန်
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေ အမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေးခေတ်ဆန်တေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	မြန်မာသင်္ကြန်
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် **ငါးကလေးရဲ့စွန့်စားခန်း** (အပိုင်း-၄၂)
၆း၄၅	၁၄။	လျှပ်တစ်ပြက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရာဇဝင်တွင်တဲ့သူရဲကောင်း** (အပိုင်း-၅၇)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေးတေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆန့်ကျင်ဘက်နှလုံးသား** (အပိုင်း-၁)

* ရှေ့ဖုံးမှ

တက်ရောက်

အဆိုပါအစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

တင်ပြဆွေးနွေး

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက ပြည်နယ်/တိုင်းများသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်ပံ့ပိုးကူညီမှုများနှင့် ကြီးကြပ်မှုများ ပြုလုပ်ရန် သွားရောက်ခဲ့ကြသော ခရီးစဉ်အတွင်း ဆောင်ရွက်ခဲ့ကြသည့် လုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို အသေးစိတ်တင်ပြ ဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ထို့နောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး ညနေပိုင်းတွင် အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

စိတ်ကောင်းနှင့်ယှဉ်

အများအကျိုး၊ ရွက်သယ်ပိုးက၊
ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊
မဖဲ့စကောင်း၊ ကိုယ့်လမ်းကြောင်းကို၊
စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့။

(ရွှေဟင်္သာဆရာတော်ဘုရားကြီး)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် အင်္ဂပူမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်

ရန်ကုန် ဧပြီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၁၉ ရက် မွန်းလွဲပိုင်းတွင် အင်္ဂပူမြို့ ကွင်းကောက် အခြေခံပညာအထက်တန်းကျောင်း၌ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံ၍ ကျေးရွာ၏လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် နိုင်ငံရေး၊ စီးပွားရေး အခြေအနေများကို ရှင်းလင်းဆွေးနွေးမှာကြားသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် အင်္ဂပူမြို့ ဝတ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ ကျောင်းဆောင်သစ် ဆောက်လုပ်ရန် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ထန်းပင်ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ဒေသခံ ရပ်မိရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဧပြီ ၂၀ ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့နယ် ထူးကြီးကျေးရွာ မြို့တော်ခန်းမ၌ ဒေသခံပြည်သူများ၊ ရပ်မိ ရပ်ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ဝတ်ကုန်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်း၌ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သစ်တောရေးရာ)

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ညနေပိုင်းတွင် အင်္ဂပူမြို့နယ် မဲဇလီကုန်းကျေးရွာ ခန်းမနှင့် လိပ်ပေါင်ဆွဲ အခြေခံပညာအထက်တန်းကျောင်းတို့၌ ဒေသခံပြည်သူများ၊ ရပ်မိ ရပ်ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားကာ ဒေသလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

● ကျောဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြေစိုက်ပိုစတာများကို လမ်းမတော်မြို့နယ် ပြည်လမ်းနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းထောင့်ရှိ အထွေထွေရောဂါကု ဆေးရုံသစ်ကြီးရှေ့ သတ်မှတ်နေရာ၌ လည်းကောင်း၊ ဆိပ်ကမ်းမြို့နယ် မော်တင်လမ်းရှိ သတ်မှတ်နေရာ၌ လည်းကောင်း၊ လသာမြို့နယ် မဟာဗန္ဓုလလမ်းနှင့် လသာလမ်းထောင့်ရှိ သတ်မှတ်နေရာ၌လည်းကောင်း၊ ပန်းဘဲတန်းမြို့နယ် ဗိုလ်ချုပ်အောင်ဆန်းဈေးရှေ့ရှိ သတ်မှတ်နေရာ၌လည်းကောင်း၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမရှေ့ရှိ သတ်မှတ်နေရာ၌လည်းကောင်း၊ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ သတ်မှတ်နေရာ၌ လည်းကောင်း စိုက်ထူခဲ့ကြသည်။

ထောက်ခံမဲပေးကြစို့

အဆိုပါ ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး မြေစိုက်ပိုစတာများမှာ **“ဒို့အနာဂတ် ဒို့ဖန်တီးဖို့ အခြေခံဥပဒေအတည်ပြုစို့”၊ “အခြေခံဥပဒေအတည်ပြုရေးသည် ယနေ့ပြည်သူအားလုံး၏ အမျိုးသားရေး တာဝန်ဖြစ်သည်၊ အမျိုးသားရေးအကျိုးကို လိုလားသူတိုင်း ထောက်ခံမဲပေးကြစို့”၊ “မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီ မရနိုင်၊ ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်၊ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်”၊ “မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း၊ လုံးဝလွတ်လပ်ရေးကိုမြတ်နိုးသူတိုင်း၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း၊ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားသူတိုင်း၊ နယ်ချဲ့ ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့”**တို့ ဖြစ်ကြသည်။

(သတင်းစဉ်)

ပူပြင်းပူဆဲ

၂၃-၄-၂၀၀၈

ချောက်	၁၁၁	ဒီဂရီဖာရင်ဟိုက်
မင်းဘူး	၁၀၉	ဒီဂရီဖာရင်ဟိုက်
နေပြည်တော်	၁၀၇	ဒီဂရီဖာရင်ဟိုက်
ရွှေဘို	၁၀၇	ဒီဂရီဖာရင်ဟိုက်
မုံရွာ	၁၀၇	ဒီဂရီဖာရင်ဟိုက်
မန္တလေး	၁၀၇	ဒီဂရီဖာရင်ဟိုက်
မြင်းခြံ	၁၀၇	ဒီဂရီဖာရင်ဟိုက်
ညောင်ဦး	၁၀၇	ဒီဂရီဖာရင်ဟိုက်
မကွေး	၁၀၇	ဒီဂရီဖာရင်ဟိုက်
ရန်ကုန်	၁၀၁	ဒီဂရီဖာရင်ဟိုက်

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၄-၂၀၀၈ရက် (ကြာသပတေးနေ့)

AM & PM

၇:၀၀-၁:၀၀	MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅-၁:၀၅	“မဂ္ဂင်လမ်းလျှောက် နိဗ္ဗာန်ရောက်”တရားတော် (ပြည်တွင်းပြည်ပ သာသနာပြု အောင်ဆန်း ဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၇:၅၀-၁:၅၀	နိဗ္ဗာန်ဆီသို့- အမေးအဖြေများ
၈:၁၅-၂:၁၅	တေးဂီတအစီအစဉ်
၈:၂၀-၂:၂၀	ပြည်တွင်းအနုပညာရေးရာ
၈:၃၅-၂:၃၅	ခက်အောင်လုပ်နေသူများ
၉:၀၀-၃:၀၀	တေးဂီတအစီအစဉ်
၉:၀၅-၃:၀၅	ပြည်တွင်းသတင်းအကျဉ်း
၉:၁၅-၃:၁၅	တေးဂီတအစီအစဉ်
၉:၂၀-၃:၂၀	သင်ယူလေ့လာဂီတပညာ (ဂီတမိတ်သင်တန်းကျောင်း)
၉:၅၀-၃:၅၀	နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅-၃:၅၅	တေးဂီတအစီအစဉ်
၁၀:၀၀-၄:၀၀	ရန်ကုန်ပန်တျာကျောင်းနှင့် ပန်းချီပန်းပုကျောင်းတို့၏ သင်တန်းဆင်းပွဲအမှတ်တရ
၁၀:၃၀-၄:၃၀	တေးဂီတအစီအစဉ်
၁၀:၃၅-၄:၃၅	ကလေးတို့အတွက် လက်ဆောင်(နတ်သမီးရုပ်နှင့် ငှက်ရုပ်ကလေး ခေါက်ကြရအောင်)
၁၀:၅၅-၄:၅၅	မိုးလေဝသခန့်မှန်းချက်
၁၁:၀၀-၅:၀၀	စိတ်အားထက်သန် ဆန္ဒအမှန်
၁၁:၂၀-၅:၂၀	တေးဂီတအစီအစဉ်
၁၁:၂၅-၅:၂၅	ပြည်တွင်းသတင်းအကျဉ်း
၁၁:၃၅-၅:၃၅	Academy Talk (အကယ်ဒမီ မေသဥ္ဇာဦးနှင့် တွေ့ဆုံခြင်း)
၁၁:၅၅-၅:၅၅	တေးဂီတအစီအစဉ်
၁၂:၀၀-၆:၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂:၀၅-၆:၀၅	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ ‘ပန်းသုံးပွင့်၏ချစ်အိပ်မက်’
၁၂:၃၅-၆:၃၅	တေးဂီတအစီအစဉ်
၁၂:၄၀-၆:၄၀	သဘာဝကပေးတဲ့ အကျိုးအာနိသင်
၁:၀၀-၇:၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။

● အခြေခံဥပဒေ အတည်ပြုဖို့ မဲရုံသွား၍ မဲပေးစို့။

ယူအေအီးနျူကလီးယားစွမ်းအင် အစီအစဉ် တရုတ်က ထောက်ခံကြောင်း ပြောကြား

ပေကျင်း ဧပြီ ၂၃

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နိုင်ငံ၏ နျူကလီးယားစွမ်းအင် အစီအစဉ်ကို မိမိတို့ထောက်ခံ အားပေးသွားမည်ဖြစ်ကြောင်း တရုတ်အရာရှိများက ဧပြီ ၂၁ရက်၌ ပြောကြားလိုက်သည်။

နိုင်ငံတကာ ဥပဒေများနှင့် အညီ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းရေးအတွက် အသုံးပြုမည်ဆိုပါက မိမိတို့အနေဖြင့်အားပေးသွားမည်ဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယူအေအီးနိုင်ငံ၏ နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာအသုံးပြုရေးဆိုင်ရာ အစီရင်ခံစာတစ်ရပ်ထွက်ပေါ်လာပြီးနောက် တရုတ်နိုင်ငံ၏ သဘောထားရပ်တည်ချက်ကို တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျန်ယုက ပြောကြားခြင်းဖြစ်သည်။

ကူညီထောက်ပံ့

နျူကလီးယားမပြန့်ပွားရေးဆိုင်ရာ စာချုပ်ကိုလက်မှတ်ရေးထိုးထားသော အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့် ယူအေအီး၏ နျူကလီးယားစွမ်းအင်ဖွံ့ဖြိုးရေး ဆောင်ရွက်မှု အစီအစဉ်ကို မိမိတို့အနေဖြင့် ကူညီပေးသွားမှာဖြစ်ပြီး နျူကလီးယား လောင်စာများကိုလည်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဘူရွန်ဒီနိုင်ငံ၌ တိုက်ပွဲများဖြစ်ပွားခဲ့ပြီးနောက် ကုလသမဂ္ဂမစ်ရှင်သွားရောက်မည့် အစီအစဉ်ဖျက်သိမ်း

ဘူဂျွန်ဘူရာ ဧပြီ ၂၃

ဘူရွန်ဒီနိုင်ငံ၌ သူပုန်နှင့် အစိုးရတပ်များ သုံးရက်ကြာတိုက်ပွဲဖြစ်ပွား၍ အနည်းဆုံး ၂၆ဦးသေဆုံးခဲ့ပြီးနောက် ဘူရွန်ဒီသို့ သွားရောက်မည့် ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အစီအစဉ်ကို ပယ်ဖျက်လိုက်ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူတစ်ဦးက ဧပြီ ၂၀ရက်တွင် ပြောကြားသည်။

ပြောကြား

ကုလသမဂ္ဂ ထိပ်တန်းတာဝန်ရှိသူတစ်ဦးသည် အာဖရိကအလယ်ပိုင်း၌ ကော်ဖီထွက်ရှိရာ သေးငယ်သော ဘူရွန်ဒီနိုင်ငံလေးသို့ ရောက်ရှိချိန်တွင် ဧပြီ ၁၉ရက်က တိုက်ပွဲများဖြစ်ပွားခြင်း မရှိတော့ကြောင်း ဘူရွန်ဒီစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အဒေါ်ဖီမာနီရာကီဇာက ပြောကြားသည်။

ထိတ်လန့်

သို့သော်လည်း မကြာသေးသည့်လများအတွင်းက အဆိုးရွားဆုံးတိုက်ပွဲများကြောင့် ဘူရွန်ဒီမြို့တော်၌ ထိတ်လန့်ချောက်ချားဖွယ်ရာဖြစ်နေသည်ဟု ဆိုသည်။ သူပုန်တပ်များက ဧပြီ ၁၇ ရက်မှစတင်ကာ အစိုးရရုံးများတည်ရှိရာ ပစ်မှတ်များကို စိန်ပြောင်းဖြင့် ပစ်ခတ်ခဲ့ပြီး အစိုးရတပ်များက ပြန်လည်ပစ်ခတ်မှုကြောင့် တိုက်ပွဲကြီးဖြစ်ပွားခဲ့ရသည်။

ဘူရွန်ဒီနိုင်ငံသည် လူဦးရေ ရှစ်သန်းမျှသာရှိသည်။ လူမျိုးရေးပဋိပက္ခ ဆယ်စုနှစ်ကြာဖြစ်ပွားလျက်ရှိရာ လူဦးရေ ၃၀၀၀၀၀ သေဆုံးခဲ့ပြီဖြစ်သည်။

အမ်အင်န်အေ၊ရိုက်တာ

ဂျပန်နိုင်ငံ၌ပွင့်သော ချယ်ရီပန်းများ အာကာသတွင် သုတေသနပြု စိုက်ပျိုးသွားမည်

တိုကျို ဧပြီ ၂၃

ဂျပန်နိုင်ငံ၏ အထင်ရှားဆုံး အမှတ်သင်္ကေတဖြစ်သည့် ချယ်ရီပန်း(**ယာပုံ**)ကို အာကာသသို့ သယ်ဆောင်သွားမည် ဖြစ်ကြောင်း ဂျပန်အာကာသ စူးစမ်းလေ့လာရေးအေဂျင်စီ (ဂျာဆာ)က ပြောကြားသည်။

ယင်းအာကာသ စူးစမ်းလေ့လာရေးအဖွဲ့က ကမ္ဘာမြေပြင်အထက် လှည့်ပတ်နေသော နိုင်ငံတကာ အာကာသစခန်းရှိ ဂျပန်ဓာတ်ခွဲခန်းသို့ ချယ်ရီပန်းမျိုးစေ့များ ပေးပို့သွားမည်ဟု ဆိုသည်။

စိုက်ပျိုး

ဂျပန်အာကာသ သိပ္ပံပညာရှင်များသည် နိုင်ငံတကာ အာကာသစခန်း၌ ချယ်ရီပန်းများ ကမ္ဘာ့ဆွဲအားမဲ့နည်းဖြင့် မည်သို့မည်ပုံ ရှင်သန်ပွင့်လန်းလာမည်ကို သုတေသနပြု စမ်းသပ်စိုက်ပျိုး လေ့လာကြမည်ဟု ဆိုသည်။

ရှေးကျသောချယ်ရီပန်း

နိုင်ငံတကာ အာကာသစခန်းသို့ ယူဆောင်သွားမည့် ချယ်ရီပန်းမျိုးစေ့များကို ဂျပန်ကျောင်းသားလေးများက ယခုနှစ် ကုန်ပိုင်းတွင် ရှေးကျသော ချယ်ရီပန်းပင်ကြီး သုံးပင်အောက်မှ အစေ့ ၂၀၀ ခန့် ကောက်ယူကြမည်ဟု ဆိုသည်။

တန်ဖိုးထား

ချယ်ရီပန်းသည် ဂျပန်နိုင်ငံသားများ အမြတ်တနိုးတန်ဖိုးထားသည့် သဘာဝရတနာတစ်ပါး ဖြစ်သည်။ ဂျပန်ကျောင်းသားလေးများ ချယ်ရီပန်းမျိုးစေ့ကောက်ယူမည့် ရှေးအကျဆုံး ချယ်ရီပင်ကြီးသုံးပင်အနက် တာကီဇာကုရာအမည်ရှိ အပင်ကြီးမှာ ဂျပန်နိုင်ငံမြောက်ပိုင်း မီဟာရုမြို့လေး၌ တည်ရှိသည်။

ကောက်ယူ

နှစ်စဉ်နှစ်တိုင်း ချယ်ရီပန်းပွင့်ချိန်တွင် လာရောက်ကြည့်ရှုသူပေါင်း ၃၀၀၀၀၀ ခန့်ရှိသည်ဟုဆိုသည်။ မီဟာရုမြို့ရှိ မူလတန်းကျောင်းသားလေးများက ထိုချယ်ရီပင်ကြီး အောက်မှ ချယ်ရီစေ့များကို နွေရာသီတွင် ကောက်ယူကာ အောက်တိုဘာလ၌ လွှတ်တင်မည့် အာကာသယာဉ်နှင့်အတူ ထည့်ပေးလိုက်မည်ဟု ဆိုသည်။

(အင်တာနက်)

အာကာသသိပ္ပံ

ကွဲကွာသူများပြန်လည်ဆုံစည်းရေး တစ်နှစ်တစ်ကြိမ်အချက်ပြနှုတ်ဆက်

ဂိုလန်ကုန်းမြင့် ဧပြီ ၂၃

ဆီးရီးယားပိုင် ဂိုလန်ကုန်းမြင့်ကို အစ္စရေးက ၁၉၆၇ခုနှစ် စစ်ပွဲအတွင်းက သိမ်းပိုက်လိုက်သောအခါ ဒရုဇ်ကျေးရွာလေး တစ်ရွာမှာ အစ္စရေးတို့ ဘက်တွင် ကျန်ရစ်ပြီး ဆီးရီးယားဘက်မှ မိသားစု ဆွေမျိုးများနှင့် ကွဲကွာခဲ့ရသည်။

အလွမ်းပြေ

သို့သော် တစ်နှစ်လျှင် ဧပြီလတတိယပတ်တွင် သံဆူးကြိုးများ ခြားထားသည့် နယ်စပ်ကိုဖြတ်၍ တစ်ဖက်နှင့်တစ်ဖက် အချက်ပြ နှုတ်ဆက် အလွမ်းဖြေကြသည်။

နယ်ခြားမျဉ်းမှာ မီတာ ၃၀၀ ကျယ်ဝန်းသည်။ လူချင်းပြန်တွေ့ရန် တစ်ခုတည်းသော နည်းလမ်းမှာ ဂျော်ဒန်နိုင်ငံ၌ တွေ့ဆုံခြင်းပင်ဖြစ်သည်။ ဂျော်ဒန်သည် အစ္စရေးနှင့် ငြိမ်းချမ်းရေး စာချုပ်သည့် နိုင်ငံဖြစ်သည်။ **(အင်တာနက်)**

ကင်ဆာဆေးများ ကြာရှည်စွာသုံးစွဲလျှင် ဦးနှောက်ထိခိုက်ပျက်စီးစေနိုင်

လန်ဒန် ဧပြီ ၂၃

ကင်ဆာဆေးများ နှစ်ကြာရှည်စွာသုံးစွဲခြင်းကြောင့် ဦးနှောက်ပျက်စီးနိုင်ကြောင်း ဗြိတိန်နိုင်ငံ ရိုချက်စတာတက္ကသိုလ်မှ ဆေးသုတေသနပညာရှင်များက လေ့လာတင်ပြထားသည်။

အဆိုပါကင်ဆာဆေးမှာ ရင်သားကင်ဆာ၊ အူမကြီးကင်ဆာ၊ ပန်ကရိယကင်ဆာ၊ ဆီးအိတ်ကင်ဆာနှင့် သားအိမ်ကင်ဆာစသော ကင်ဆာများအတွက် အသုံးပြုသော 5-FU ဆေးဝါးဖြစ်သည်ဟု ဆိုသည်။

၎င်းဆေးဝါးကို ကြွက်များနှင့် စမ်းသပ်ခဲ့ရာတွင် ဆေးဝါးအလွန်အကျွံ သုံးစွဲ၍ စမ်းသပ်သည့်ကြွက်များမှာ ဦးနှောက်ဆဲလ်များ ပျက်စီးသွားကြောင်း သုတေသနပညာရှင်များက တွေ့ရှိခဲ့သည်။ ယင်းလေ့လာတွေ့ရှိချက်ကို ဇီဝဗေဒဂျာနယ်၌ ရေးသားဖော်ပြထားသည်။ (အင်တာနက်)

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ထရီပူရာပြည်နယ် အဂါတာလာမြို့ ကြက်ခြံတစ်ခြံတွင် ကြက်ငှက်တုပ်ကွေး ဖြစ်ပွားပြီးနောက် ကျန်းမာရေးလုပ်သားများက ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို ဧပြီ၂၃ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

ဘဝအမောပြေ

ပြပေးဦးမှပေါ့ . . .

ကွန်ပျူတာပညာရှင်တစ်ဦးက သူ၏သားငယ်ကို ကွန်ပျူတာပညာရပ်နှင့် ပတ်သက်ပြီး အချိန်နှင့်အမျှသင်ကြားပေးလျက်ရှိရာ သားငယ်လည်းကွန်ပျူတာကို ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်လျက်ရှိရာ တစ်နေ့၌ အပြင်မှ ပြန်လာသော ဖခင်က…

ဖခင် ။ ။ သားရေ…လာဦးဟေ့…

သားငယ် ။ ။ ဟုတ်ကဲ့၊ လာပြီဖေဖေ…

ဖခင် ။ ။ ဟောဒီမှာ…သားအတွက် ကစားဖို့ဘောလုံးဝယ်လာခဲ့တယ်…

သားငယ် ။ ။ ကျေးဇူးပဲ ဖေဖေ…

ဖခင် ။ ။ ကဲ…ဘောလုံးနဲ့ကစားပေတော့…

(သားက အတန်ကြာစဉ်းစားပြီး)

သားငယ် ။ ။ ဖေဖေကလည်း…ဘောလုံးကို ဘယ်လိုအသုံးပြုတဲ့ စနစ်ပေးမှ ကစားလို့ရမှာပေါ့။

ဖခင် ။ ။ **"ဟေ"**

နိုင်ငံတကာသတင်း စုစည်း ဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

မြန်မာ့အလင်း နိုင်ငံတကာ မှုခင်းဖြစ်ရပ်

ထူးဆန်းထွေပြားလှစွာသော ....

ဒရူးစ်ဘူရီမိုးဒေသသည် ဗြိတိန်နိုင်ငံ ရှော့ခ်ရှိုင်းယားနယ် အနောက်ပိုင်းတွင် ရှိသော မြို့ဖြစ်သည်။ ယင်းမြို့တွင် ကာရင်မက်သရူးသည် သားသမီးလေးယောက်နှင့် အတူနေထိုင်သည်။ သားသမီးလေးဦးရပြီး မကြာမီ သူမ၏ ခင်ပွန်းဆုံးပါးသွားခဲ့ရာ ကာရင်မက်သရူးအဖို့ သားသမီးလေးဦး အတွက် ခက်ခက်ခဲခဲ ရုန်းကန်ခဲ့ရသည်။

နောက်အိမ်ထောင်ပြု

သူမသည် ခင်ပွန်းဆုံးပါးပြီး သုံးနှစ်မျှ အကြာတွင် အားကိုးရာရသည့် အနေဖြင့် သူ့ထက် ၁၀နှစ်မျှငယ်သော ကရစ်မီဟန် ဆိုသူ အမျိုးသားနှင့် နောက်အိမ်ထောင်ပြုခဲ့သည်။ ထိုအချိန်က သူမအနေဖြင့် ၂၉နှစ် အရွယ်မျှသာရှိသေးပြီး ကရစ်ကမူ ၁၉နှစ် အရွယ်သာရှိသေးသည်။

သူတို့၏အိမ်ထောင်သက် နှစ်နှစ်ကျော်အထိ ပြဿနာတစ်စုံတစ်ရာ မပေါ်ခဲ့ပေ။ အိမ်ထောင်သက် သုံးနှစ်နီးပါး ရှိသည့် ၂၀၀၈ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင်မူ သူတို့မိသားစု ခြောက်ဦးစလုံး အပန်းဖြေခရီးထွက်ခဲ့လေသည်။ ထိုသို့ခရီးထွက်ခဲ့ခြင်းကပင် ပျော်ရွှင်စရာကောင်းသော်လည်း စိတ်ဆင်းရဲ သောကပွေစရာဖြစ်ရပ်နှင့်ကြုံခဲ့ရသည်။ အကြောင်းမှာ သူတို့၏ သမီးဖြစ်သူ အသက်ကိုးနှစ်အရွယ်ရှိ ရှုနွန်မက်သရူးမှာ ထိုနေ့တွင်ပင် ထူးဆန်းစွာ ပျောက်ဆုံးသွားခဲ့သောကြောင့်ဖြစ်သည်။

ရှာဖွေတွေ့ရှိ

ရှုနွန်မက်သရူးအား ပျောက်ဆုံးပြီး ၂၄ရက်အကြာ ၂၀၀၈ခုနှစ် မတ် ၁၅ရက်က ပြန်တွေ့ခဲ့သည်။ ၎င်းပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ရဲတပ်ဖွဲ့က အပူတပြင်း ရှာဖွေနေစဉ် ၎င်းနေထိုင်ရာအိမ်နှင့် နှစ်ကီလိုမီတာကျော် ကွာဝေးသော နေအိမ်တစ်အိမ်မှ ကရစ်မီဟန်၏ အစ်မဖြစ်သူ အသက် ၂၅နှစ်အရွယ်ရှိ အမန်ဒါယက်က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။

ရှုနွန်မက်သရူး

ဖမ်းဆီး

ယင်းတွေ့ရှိမှုနှင့်ပတ်သက်ပြီး အမန်ဒါ၏ ပြောကြားချက်အရ ယခုအသက် ၃၂နှစ်အရွယ်ရှိပြီဖြစ်သော ကာရင်မက်သရူး၏ မိတ်ဆွေ အသက်၃၉နှစ်အရွယ်ရှိ မိုက်ဒိုနိုဗန်ကို လူပြန်ပေး မသင်္ကာဖြင့် ဖမ်းဆီးခဲ့သည်။ ထို့အပြင် မိုက်ဒိုနိုဗန်၏ ပေါင်၂၀တန် ငွေစက္ကူတွင် အမန်ဒါယက်၏ လက်ဗွေရာတွေ့ရသည်ဟုဆိုကာ သူမအား မိုက်ကိုကူညီသည်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့ပြန်သည်။

ထိန်းသိမ်းထား

အမန်ဒါယက်အား ဖမ်းဆီးပြီး နှစ်ရက်အကြာတွင် သူ၏မောင်ဖြစ်ပြီး ကာရင်မက်သရူး၏ခင်ပွန်းဖြစ်သူ ကရစ်မီဟန်ကိုပါ ထပ်မံဖမ်းဆီးခဲ့သည်။ ၂၀၀၈ ခုနှစ် ဧပြီလ ၇ရက်တွင်မူ ကာရင်မက်သရူးအား သူ၏သမီးပျောက်ဆုံးမှုတွင် ပြန်ပေးဆွဲရန် ကူညီသည်ဟု မသင်္ကာမှုဖြင့် ဖမ်းဆီးခဲ့ပြန်သည်။ ရှုနွန်မက်သရူးကိုမူ မွေးစားမိဘများက ထိန်းသိမ်းထားသည်။

ယခုဖြစ်ရပ်တွင် ကံဆိုးမိုးမှောင်ကျရောက်ခဲ့သဖြင့် ဒုက္ခနှစ်ကာ သောကပင်လယ်ဝေခဲ့ရသော ကာရင်မက်သရူး၏ ထူးဆန်းထွေပြားလှစွာသော ဖြစ်ရပ်ကို အချိန်ဆိုသည့်သမားတော်ကသာ အမှန်အမှားဆုံးဖြတ်ပေးမည်ဟု ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။

ချစ်စိုးနိုင်-ကိုးကားရေးဖွဲ့သည်

နောက်ဆုံးပေါ် အိုင်တီနည်းပညာသုံး ဆမ်ဆောင်း လက်ကိုင်ဖုန်းထုတ်လုပ်

ဆက်သွယ်ရေး နည်းပညာသစ်

ဆိုးလ် ဧပြီ ၂၃

တောင်ကိုရီးယားနိုင်ငံရှိ ဆမ်ဆောင်း ကုမ္ပဏီမှ နောက်ဆုံးပေါ် အိုင်တီနည်းပညာများ အသုံးပြုထားသော လက်ကိုင်ဖုန်းသစ် တစ်မျိုးကို ထုတ်လုပ်လိုက်သည်။

နည်းပညာများထည့်သွင်း

အဆိုပါ လက်ကိုင် ဖုန်းတွင် ကင်မရာ၊ ရုပ်မြင်သံကြား အစီအစဉ်များကို ဖမ်းယူကြည့်ရှုနိုင်သည့် ဖန်သားပြင် အပြင် တေးဂီတသံစဉ်များကို နားထောင်နိုင်ရန်အတွက်လည်း နည်းပညာများ ထည့်သွင်းထားသည်။

ဖမ်းယူကြည့်ရှုနိုင်

ထို့အပြင် အင်တာနက်နှင့် ချိတ်ဆက်ကာ သတင်းအချက်အလက်များကို ဖမ်းယူကြည့်ရှုနိုင်သည်။ ထိုသို့ သတင်းအချက်အလက်များကို ဖမ်းယူကြည့်ရှုရာတွင် တစ်စက္ကန့်လျှင် ၇ ဒသမ ၂ မီဂါဘိုက် အထိမြန်ကြောင်း သိရသည်။

ယင်းဆမ်ဆောင်း လက်ကိုင်ဖုန်းကို ယခုအခါ ဗြိတိန်၊ ပြင်သစ်၊ ဂျာမနီတို့တွင် စတင် ရောင်းချနေပြီဖြစ်ပြီး သုံးစွဲသူများအတွက် ဝန်ဆောင်မှုအမျိုးမျိုးကို ပေးနိုင်ကြောင်း၊ ရုပ်သံအစီအစဉ်များ၌ ပြတ်သားသော ပုံရိပ်များနှင့် ကြည်လင်သော အသံများကို ပေးစွမ်းနိုင်သည်။

နောက်ဆုံးထုတ်

၎င်းလက်ကိုင်ဖုန်းကို တစ်လုံးလျှင် အမေရိကန်ဒေါ်လာ ၆၃၅ဒေါ်လာဖြင့် ရောင်းချလျက်ရှိသည်။ Bang & OLufsen မှ နည်းပညာအခြေခံ တေးဂီတစနစ်၊ ရေဒီယိုအချက်အလက် စနစ်ဖြစ်သည့် RDS 5-မီဂါပီဇယ်ရှိသော ကင်မရာတို့အပြင် ရုပ်သံအစီအစဉ်များနှင့် အင်တာနက်ချိတ်ဆက် အသုံးပြုနိုင်သည့် စနစ်များပါရှိသော နောက်ဆုံးထုတ် ဆမ်ဆောင်းလက်ကိုင်ဖုန်း ဖြစ်ပါသည်။ (အင်တာနက်)

ပြည်ပသတင်း နောက်ဆုံးဖြစ်ရပ်များ

၂၃-၄-၂၀၀၈

ပါကစ္စတန်နှင့် တူရကီပူးတွဲစစ်ရေးလေ့ကျင့်

ပါကစ္စတန်နှင့် တူရကီ နှစ်နိုင်ငံလေတပ် တပ်ဖွဲ့ဝင်များ ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ကြကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။

ထိုသို့နှစ်နိုင်ငံ ပူးတွဲစစ်ရေးလေ့ကျင့်မှုကို ပါကစ္စတန်နိုင်ငံ ပန်ဂျပ်ပြည်နယ်အရှေ့ပိုင်း လေတပ်အခြေစိုက်စခန်းတစ်ခု၌ ပြုလုပ်ခြင်းဖြစ်ပြီး အက်ဖ်-၁၆ စီ၊ ဒီ တိုက်လေယာဉ်နှင့် အခြားအမျိုးအစားစစ်လေယာဉ်အစင်း ၅၀ခန့်ပါဝင်ကြရာ ဧပြီ ၂၉ရက်၌ ပြီးဆုံးမည်ဖြစ်သည်။

အင်ဒိုနီးရှားနှင့်လာအို ကဏ္ဍစုံပူးပေါင်းမည်

နှစ်နိုင်ငံကဏ္ဍစုံတွင် စွမ်းအားပြည့် ပူးပေါင်းဆောင်ရွက်ရေးအတွက် အင်ဒိုနီးရှား သမ္မတ ဆူစီလိုဘန်ဘန်းယူဒိုယိုနိုနှင့် အလည်အပတ်ရောက်ရှိနေသော ဘရူနိုင်းဘုရင် ဘိုလ်ကီးယားတို့ သဘောတူညီလိုက်ကြသည်။

အင်ဒိုနီးရှားနှင့် ဘရူနိုင်း နှစ်နိုင်ငံတို့အနေဖြင့် ကာကွယ်ရေး၊ ကုန်သွယ်ရေး၊ စွမ်းအင်နှင့် သိပ္ပံကဏ္ဍများ၌ နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

လာအို၌ ရေအားလျှပ်စစ် စက်ရုံများကို ဗီယက်နမ်တည်ဆောက်မည်

လာအိုနိုင်ငံ၌ ရေအားလျှပ်စစ်စက်ရုံများကို ဗီယက်နမ်ကုမ္ပဏီများက တည်ဆောက် ပေးသွားမည်ဖြစ်ကြောင်း ဗီယက်နမ်အရာရှိများက ပြောကြားသည်။

အဆိုပါ ရေအားလျှပ်စစ်စက်ရုံများ တည်ဆောက်ပြီးပါက ဓာတ်အားမဂ္ဂါဝပ် ၄၈၀ ရရှိမည်ဖြစ်သည်။

ဒူဘိုင်း၌ သက်သာသော လေကြောင်းခရီးစဉ်များ ပြေးဆွဲမည်

လေယာဉ်ခနူန်းထားများသက်သာစွာဖြင့် ခရီးသွားလာနိုင်ရေးအတွက် လေယာဉ်များထပ်မံဝယ်ယူသွားမည်ဖြစ်ကြောင်း ဒူဘိုင်း အခြေစိုက် လေကြောင်းကုမ္ပဏီများက ပြောကြားသည်။

အဲဘတ်စ်နှင့် ဘိုရင်းလေယာဉ်များ ထပ်မံဖြည့်ဆည်းဝယ်ယူကာ လေကြောင်းခရီးစဉ်သစ်များလည်း တိုးချဲ့ပျံသန်းသွားမည်ဟု ဒူဘိုင်းလေကြောင်း အရာရှိများက ပြောကြားသည်။

ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကမ္ဘောဒီးယားက တိုက်ရိုက်လေကြောင်းတိုးချဲ့မည်

နိုင်ငံအတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဥရောပနှင့် တရုတ်နိုင်ငံများမှ တိုက်ရိုက်လေကြောင်းခရီးစဉ်များ တိုးချဲ့ ပျံသန်းရေးအတွက် ကမ္ဘောဒီးယားနိုင်ငံက စီစဉ်နေကြောင်း ကမ္ဘောဒီးယား လေကြောင်းအရာရှိများ က ပြောကြားသည်။

ဥရောပ နိုင်ငံအချို့နှင့် တရုတ်နိုင်ငံတောင်ပိုင်းရှိ မြို့ကြီးများသို့ တိုက်ရိုက်လေကြောင်း ပျံသန်းမှုများ စတင်ရေး အကောင်အထည်ဖော်ရန် ကြိုးစားသွားမည်ဟု ၎င်းတို့က ဆက်လက်ပြောကြားသည်။

အာဖဂန်အနောက်ပိုင်း၌ အိန္ဒိယ အလုပ်သမားနှစ်ဦး ပျောက်ဆုံး

အာဖဂန်နစ္စတန်အနောက်ပိုင်းတွင် အိန္ဒိယနိုင်ငံသား လမ်းဖောက်လုပ်ရေးလုပ်ငန်းမှ အလုပ်သမားနှစ်ဦး ပျောက်ဆုံးသွားကြောင်း အာဖဂန်နစ္စတန် အရာရှိများက ပြောကြားသည်။

အဆိုပါ အလုပ်သမားနှစ်ဦးသည် ဟာရတ်မြို့မှ အငှားကား တစ်စီးနှင့် အဒရာစကန်ခရိုင်သို့ ထွက်ခွာလာစဉ် လမ်းခရီး၌ ပျောက်ဆုံးသွားခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောကြားသည်။

ဆမ်ဆောင်း ကုမ္ပဏီဥက္ကဋ္ဌ နုတ်ထွက်

တောင်ကိုရီးယားနိုင်ငံ စီးပွားရေးကုမ္ပဏီတစ်ခုဖြစ်သော ဆမ်ဆောင်း ကုမ္ပဏီဥက္ကဋ္ဌ လီကွမ်ဟီးသည် ရာထူးမှ နုတ်ထွက်လိုက်ပြီဖြစ်ကြောင်း ၎င်းကုမ္ပဏီက သတင်းထုတ်ပြန်သည်။

အကျင့်ပျက်မှု၊ အခွန်ရှောင်တိမ်းမှုများကြောင့် စုံစမ်းစစ်ဆေးမှုခံရပြီး ယခုကဲ့သို့ နုတ်ထွက်လိုက်ခြင်း ဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အင်ဒိုနီးရှား၌ မီးတောင်နှစ်လုံး လှုပ်ရှားနေ

အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်နှစ်လုံးမှာ ယခုအခါ လှုပ်ရှားလျက်ရှိကြောင်း၊ ထိုသို့လှုပ်ရှားမှုမှာ တဖြည်းဖြည်း တိုးမြင့်လာကြောင်း အင်ဒိုနီးရှား အရာရှိများက ပြောကြားသည်။

အဆိုပါ မီးတောင်များမှာ ကရာကာသူမီးတောင်နှင့် အီဘူမီးတောင်တို့ ဖြစ်သည်။ ကရာကာသူမီးတောင်မှာ ၁၈၈၃ ခုနှစ်က ပေါက်ကွဲခဲ့ဖူးသော မီးတောင် ဖြစ်သည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်း

ကမ္ဘာ့ဈေးကွက်၌ ရေနံဈေးနှုန်းများ ပြန်လည်ကျဆင်းလျက်ရှိကြောင်း ရေနံရောင်းချနိုင်ငံများအဖွဲ့(အိုပက်)အရာရှိများက ပြောကြားသည်။

ကမ္ဘာ့ဈေးကွက်၌ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၁၀၉ဒေါ်လာအထိ ကျဆင်းလာသည်ဟု ၎င်းတို့က ပြောကြားသည်။

သူတို့အတွေးနှင့် အမြင်

* *A man can have but one life, and one death, one heaven, one hell.*

လူတစ်ယောက်တွင် အသက်တစ်ချောင်း၊ သေဆုံးခြင်းတစ်ကြိမ်၊ နိဗ္ဗာန်ဘုံတစ်ခု သို့မဟုတ် ငရဲခန်းတစ်ခုသာရှိသည်။

သောမတ်စ်ကာလိုင်း (စကော့လူမျိုး သမိုင်းနှင့်စာရေးဆရာ)

* *The countenance is the potrait of the mind, the eyes are its informers.*

မျက်နှာသွင်ပြင်သည် စိတ်၏ရုပ်ပုံလွှာဖြစ်ပြီး မျက်စိများသည် ၎င်းအား သတင်းပေးသူများဖြစ်သည်။

စစ်စီရို (အီတလီလူမျိုး စာရေးဆရာ)

ကမ္ဘာ့အသေးငယ်ဆုံး ဗာတီကင်နိုင်ငံ . . .

သတင်းအက်ဆေး

ဗာတီကင်နိုင်ငံသည် အီတလီနိုင်ငံ ရောမမြို့၌တည်ရှိသည်။ ဗာတီကင်နိုင်ငံသည် ကမ္ဘာပေါ်တွင် အသေးငယ်ဆုံး လွတ်လပ်သည့်နိုင်ငံဖြစ်သည်။ နိုင်ငံ အကျယ်အဝန်းမှာ သုညဒသမ ၄၄ စတုရန်းကီလိုမီတာ ဖြစ်သည်။ ဗရင်ဂျီရဟန်းမင်းကြီးစိုးစံသည့် နိုင်ငံဖြစ်သည်။

ဗာတီကင်နိုင်ငံ အကြီးအကဲ ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဘင်နက်ဒစ်-၁၆။

လူမျိုးစုံ

မြို့တော်မှာ ဗာတီကင်စီးတီးဖြစ်ပြီး နိုင်ငံလူဦးရေမှာ ၉၀၀ရှိသည်။ အများစုမှာ ဗရင်ဂျီဘာသာဝင် ဘုန်းကြီးများနှင့် သီလရှင်များဖြစ်သည်။ လူမျိုးစုံဖြစ်သည်။

ဗာတီကင်နိုင်ငံ၏ အကြီးအကဲမှာ ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဘင်နက်ဒစ်-၁၆ဖြစ်သည်။ ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဘင်နက်ဒစ်-၁၆သည် ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဂျွန်ပေါလ်-၂မှာ ၂၀၀၅ခုနှစ်တွင် အနိစ္စရောက်ကတည်းက ဗာတီကင်နိုင်ငံ၏ အကြီးအကဲ ဖြစ်လာပြီး တစ်ကမ္ဘာလုံးရှိ ဗရင်ဂျီဘာသာဝင်အားလုံး၏ ဦးစီးခေါင်းဆောင် ပုပ်ရဟန်းမင်းကြီး ဖြစ်လာသည်။

မတည်မငြိမ်ဖြစ်နေ

ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဂျွန်ပေါလ်-၂မှာ သူ့ဇာတိနိုင်ငံ ပိုလန်အပါအဝင် အရှေ့ဥရောပတစ်ခွင်တွင် မတည်မငြိမ်ဖြစ်နေသည့် လွန်ခဲ့သော အနှစ် ၃၀နီးပါးက ဗာတီကင်နိုင်ငံ၏ အကြီးအကဲ ဗရင်ဂျီရဟန်းမင်းကြီးတာဝန်ကို စတင်ရယူခဲ့ခြင်းဖြစ်သည်။

ဟောပြော

ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဂျွန်ပေါလ်-၂သည် နိုင်ငံရေးအတိုက်အခံ ဆန့်ကျင်ဘက်ဟောင်းများအကြားတွင်လည်းကောင်း၊ မတူသည့်ဘာသာရေးများအကြားတွင်လည်းကောင်း တွေ့ဆုံဆွေးနွေး ရင်ကြားစေ့ရေးကို ညွှန်ပြဟောပြောခဲ့သည်။

ရွေးချယ်တင်မြှောက်

လက်ရှိ ဗရင်ဂျီရဟန်းမင်းကြီး ပုပ်ဘင်နက်ဒစ်-၁၆ကို ၂၀၀၅ခုနှစ် ဧပြီလတွင် ဤရာထူး၌ ရွေးချယ်တင်မြှောက်ခဲ့သည်။ ဤရာထူးမရမီကပင် ကာဒီနယ်ဘင်နက်ဒစ်-

ဗာတီကင်စီးတီးရှိ ခမ်းနားထည်ဝါလှသည့် စိန့်ပီတာရင်ပြင်။

၁၆မှာ ဗာတီကင်၌ ဩဇာတိက္ကမအရှိဆုံး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အညီ ဗရင်ဂျီရဟန်းမင်းကြီးပုပ်ဂျွန်ပေါလ်-၂၏ ဈာပနအခမ်းအနားကို ဦးစီးကျင်းပပေးခဲ့သူ ဖြစ်သည်။ သူ့ကို ၁၉၂၇ခုနှစ်တွင် ဘာဗေးရီးယား၌ မွေးဖွားသည်။ ၁၉၇၇ခုနှစ်တွင် မြူးနစ်မြို့၏ ကာဒီနယ် ဖြစ်လာခဲ့သည်။ နှစ်ပေါင်း ၁၀၀ကျော်အတွင်း ဗာတီကင်နိုင်ငံ၌ ဗရင်ဂျီရဟန်းမင်းကြီး ဖြစ်လာသူ ပုဂ္ဂိုလ်များတွင် အသက်အကြီးဆုံးဖြစ်သည်။ ၇ ရာစုနှစ်နောက်ပိုင်း ပထမဆုံးသော ဂျာမန်လူမျိုး ဗရင်ဂျီရဟန်းမင်းကြီးလည်းဖြစ်သည်။

ထားရှိပြသ

ဗာတီကင်စီးတီးသည် များစွာမကျယ်ဝန်းသော်လည်း ခမ်းနားသည့် အဆောက်အအုံများဖြင့် ပြည့်နှက်လျက်ရှိသည်။ ထိုအထဲတွင် စိန့်ပီတာရင်ပြင်ကြီးလည်းပါဝင်သည်။ ဗာတီကင်ပြတိုက်နှင့် အနုပညာပြခန်းတို့မှာ ဗရင်ဂျီရဟန်းမင်းကြီးအဆက်ဆက်တို့၏ ရှေးဟောင်းပစ္စည်းနှင့် ဘာသာရေးဆိုင်ရာ ပစ္စည်းများထားရှိပြသရာ နေရာများဖြစ်သည်။ ။

ကိုးကား-အင်တာနက်

တိုး - ရေးသားသည်

ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ ဟီလာရီကလင်တန်က အိုဘားမားကို အနိုင်ယူ

ဝါရှင်တန် ဧပြီ ၂၃

နိုဝင်ဘာလဆန်း အမေရိကန်သမ္မတ ရွေးကောက်ပွဲတွင် ဒီမိုကရက်တစ်ပါတီ သမ္မတအဖြစ် ယှဉ်ပြိုင်အရွေးခံရရေး အိုဘားမားနှင့် ဟီလာရီကလင်တန်တို့ အကြိတ်အနယ် စည်းရုံးကြိုးပမ်းလျက်ရှိနေကြစဉ် ဧပြီ ၂၂ရက် (အင်္ဂါနေ့) က ကျင်းပသော ပင်ဆယ်ဗေးနီးယားပြည်နယ် အကြိုရွေးကောက်ပွဲ၌ ဟီလာရီကလင်တန်က အိုဘားမားကို အနိုင်ရအောင်ပွဲခံလိုက်ပြီ ဖြစ်သည်။

၉၉ ရာခိုင်နှုန်းသော မဲများကိုရေတွက်အပြီးတွင် ဟီလာရီကလင်တန်က ထောက်ခံမဲ ၅၅ရာခိုင်နှုန်း၊ အိုဘားမားက ထောက်ခံမဲ ၄၅ရာခိုင်နှုန်း အသီးသီးရရှိကာ ဟီလာရီကလင်တန်က ဦးဆောင်အနိုင်ရခြင်းဖြစ်သည်။

ပင်ဆယ်ဗေးနီးယားပြည်နယ်အကြို ရွေးကောက်ပွဲ၌ အနိုင်ရရှိသော ဟီလာရီကလင်တန်။ (အင်တာနက်ဓာတ်ပုံ)

ပြောကြား

အကြိုရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာ၌ သူ့ထက် သုံးဆပိုသုံးစွဲခဲ့သူနှင့် ဖြန်းနိုင်သည့် ပြိုင်ဘက်တစ်ဦးအပေါ်တွင် ယခုအခါသူအောင်ပွဲခံ အနိုင်ရရှိလိုက်ပြီ ဖြစ်ကြောင်း ဖီလာဒဲဖီးယားမြို့၌ အားပေးထောက်ခံသူ လူထုပရိသတ်အား ဟီလာရီကလင်တန်က ပြောကြားလိုက်သည်။

ထောက်ခံ

အချို့သူများက သူ့အားထည့်မတွက် သည့်အပြင် ပြိုင်ပွဲမှထွက်သွားရန်ပင် ပြောဆိုလာကြကြောင်း၊ သို့သော်အမေရိကန် ပြည်သူများက နောက်မဆုတ်ဘဲ သူ့ကို ဆက်လက်အားပေးထောက်ခံခဲ့ကြကြောင်း၊ ထို့ကြောင့် မဲဆန္ဒရှင်အမေရိကန်ပြည်သူများအနေဖြင့် အရေးကြုံလျှင် ထွက်မပြေးတတ်သည့် သမ္မတတစ်ဦးကို ရသင့်ရထိုက်ပါကြောင်း ဟီလာရီကလင်တန်က ထည့်သွင်းပြောကြားလိုက်သည်။

ယုံကြည်

မှန်ပါသည်။ ဟီလာရီကလင်တန် က ''မိမိယခုအနိုင်ရပါပြီ၊ သမ္မတရွေးကောက်ပွဲ၌ အနိုင်ရရေးအတွက် ဆက်လက်၍ အားသွန်ခွန်စိုက် ကြိုးပမ်းရန်မှာ မိမိတာဝန်သာဖြစ်ကြောင်း ယုံကြည်ပါသည်'' ဟူ၍ အော်ဟစ်သို့ပြောကြားလိုက်သည်။ ပင်ဆယ်ဗေးနီးယားပြည်နယ်သည် ပါတီညီလာခံသို့ ကိုယ်စားလှယ် ၁၅၈ဦးစေလွှတ်သည့် ပြည်နယ်ဖြစ်သည်။

(အင်တာနက်)

ဇင်ဘာဘွေသမ္မတရွေးကောက်ပွဲ မဲများ ပြန်လည်ရေတွက်မည်

ဟာရာရေး ဧပြီ ၂၃

ဇင်ဘာဘွေနိုင်ငံက မတ် ၂၉ရက်တွင် ကျင်းပခဲ့သော အငြင်းပွားဖွယ် ရွေးကောက်ပွဲရလဒ်ကြောင့် မဲများပြန်လည်ရေတွက်မည်ဖြစ်ကြောင်း ဧပြီ ၂၀ရက်၌ ကြေညာလိုက်သည်။

အဖမ်းခံရ

ယင်းနိုင်ငံ၌ လက်ရှိအစိုးရနှင့် အတိုက်အခံတို့အကြား နိုင်ငံရေးတင်းမာလာမှုကြောင့် အတိုက်အခံ ၁၀ဦးနှင့် လူပေါင်းရာနှင့်ချီ၍ အဖမ်းခံခဲ့ရသည်။

ပြောကြား

ရွေးကောက်ပွဲရလဒ် ထုတ်ပြန်ကြေညာရန် အချိန်ကြန့်ကြာနေမှုကြောင့် သမ္မတ မူဂါဘီ၏ ဇာနု-ပီအက်ဖ်ပါတီသည် မဲလိမ်ရန်ဖြစ်လာကြောင်း အတိုက်အခံများက ပြောကြားသည်။

မဲပြန်လည်ရေတွက်ခြင်းသည် ဇာနု-ပီအက်ဖ်ပါတီက အတိုက်အခံအမ်ဒီစီပါတီကို အရှုံးမှအနိုင်သို့ ပြောင်းပြန်ဖြစ်သွားနိုင်သည်ဟု ဆိုသည်။

ပြောင်းလဲသွား

ယင်းမဲပြန်လည်ရေတွက်မှုသည် ပါလီမန်ရွေးကောက်ပွဲကော်မရှင်၏ ရလဒ်ကိုလည်း ပြောင်းလဲသွားစေနိုင်သည်ဟု ဆိုသည်။

အနိုင်ရရှိ

သမ္မတရွေးကောက်ပွဲ အပြိုင်ဖြစ်နေသောရလဒ်ကို ထုတ်ပြန်ကြေညာခြင်း မရှိပေ။ သို့သော်လည်း အမ်ဒီစီပါတီခေါင်းဆောင် မော်ဂန်က ရွေးကောက်ပွဲတွင် သူအနိုင်ရရှိကြောင်း ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ကမ္ဘာ့ပထမဦးဆုံးသော ရက္ခဗေဒပန်းချီပြခန်း ပန်းချီကားပေါင်းနှစ်သိန်းကျော် ခင်းကျင်းပြသ

လန်ဒန် ဧပြီ ၂၃

ကမ္ဘာ့ပထမဦးဆုံးသော ရက္ခဗေဒပန်းချီပြခန်းကို လန်ဒန်မြို့ဥယျာဉ်၌ ဖွင့်လှစ်ပြီဖြစ်ကြောင်း ရက္ခဗေဒပန်းချီကားများ စုဆောင်းပြသသူ ဒေါက်တာရှီယာလေရှာဝုဒ်က ပြောကြားသည်။

အဆိုပါ ပန်းချီပြပွဲတွင် သစ်ပင်ပန်းမန် ပန်းချီကားပေါင်း နှစ်သိန်းကျော် ပါဝင် ချိတ်ဆွဲ ပြသထားသည်ဟုဆိုသည်။

ယင်း ပန်းချီပြခန်း၌ ကမ္ဘာပေါ်တွင် မျိုးသုဉ်း ပျောက်ကွယ်သွားပြီ ဖြစ်သော သစ်ပင်ပန်းမန်များကိုလည်း ပန်းချီကားများအရ လေ့လာသိရှိနိုင်သည်။**(အောက်ပုံ)**

ကမ္ဘာပေါ်ရှိ ပန်းပင်ပေါင်း လေးပုံ တစ်ပုံသည် လာမည့်အနှစ် ၅၀အတွင်း မျိုးသုဉ်း ပျောက်ကွယ်သွားဖွယ်ရှိကြောင်း၊ ယင်းပန်းချီပြခန်းသည် ရက္ခဗေဒလေ့လာနေသူများအတွက် တန်ဖိုးမဖြတ်နိုင်ကြောင်း၊ ထို့အပြင် ၎င်းပန်းချီပြခန်းသည် ပတ်ဝန်းကျင်ဆိုင်ရာ ထိန်းသိမ်းစောင့်ရှောက်မှု လုပ်ငန်းများ အတွက်လည်း များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ပြပွဲခင်းကျင်းပြသသူ ဒေါက်တာ ရှာဝုဒ်သည် အဆိုပါ ပန်းချီကားများကို ၁၉၉၀ပြည့်နှစ်မှစပြီး ဝယ်ယူစုဆောင်းခဲ့သည်ဟု ဆိုသည်။ ၎င်းစုဆောင်းခဲ့သော ထိုပန်းချီကားများသည် နိုင်ငံပေါင်း ၃၀ကျော်မှ ပန်းချီဆရာ ၂၀၀ကျော်၏ လက်ရာများဖြစ်သည်ဟုဆိုသည်။

(အင်တာနက်)

ဇီဝလောင်စာထုတ်လုပ်မှုနှင့် ရိက္ခာပြဿနာ ဝိရောဓိဖြစ်ကြောင်း လက်တင်အမေရိကနှစ်နိုင်ငံသတိပေး

နယူးယောက် ဧပြီ ၂၃

ဇီဝလောင်စာ ထုတ်လုပ်မှုကြောင့် စားနပ်ရိက္ခာဖြစ်ဖြိုးရေးကို ထိခိုက်နိုင်ကြောင်း လက်တင်အမေရိကခေါင်းဆောင် နှစ်ဦးက ကုလသမဂ္ဂတွင် သတိပေးပြောကြားလိုက်သည်။

ဖျက်သိမ်း

ဘိုလီးဗီးယားသမ္မတဟော်ရာလက်စ်က ဇီဝလောင်စာထုတ်လုပ်ခြင်းအားဖြင့် ကမ္ဘာ့အဆင်းရဲဆုံးပြည်သူများကို ထိခိုက်အန္တရာယ်ပြုလာကြောင်း၊ ကမ္ဘာကြီးကို ရာသီဥတုပြောင်းလဲမှုဒဏ်မခံစားရအောင် ထိန်းသိမ်းရေးအတွက် အရင်းရှင်စနစ်ကို ဖျက်သိမ်းသင့်ကြောင်း ပြောကြားလိုက်သည်။

ထို့ပြင် ကုလသမဂ္ဂ၌ ပီရူးသမ္မတ ဂါဆီယားကပြောကြားရာ၌ ဇီဝလောင်စာ ထုတ်လုပ်ရေး၌မြေယာအသုံးပြုခြင်းကြောင့် ဆင်းရဲသားများအတွက် စားနပ်ရိက္ခာကို လက်လှမ်းမမီဖြစ်ရကြောင်း ထည့်သွင်းပြောကြားသည်။

ဇီဝလောင်စာဝယ်လိုအားကောင်းမှုက ကမ္ဘာ့စားနပ်ရိက္ခာထုတ်လုပ်မှုကိုခြိမ်းခြောက်လာပြီဟုလည်း ၎င်းကပြောကြားသည်။ ထိုအတောအတွင်း ဇီဝလောင်စာ အားပေးရေး ဥရောပမူဝါဒရေးရာကိစ္စဆွေးနွေးမည့် အစည်းအဝေးတစ်ရပ်ကို ဗြိတိန်ဝန်ကြီးချုပ်ဘရောင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည်။ **(အင်တာနက်)**

အဖမ်းခံ ပါကစ္စတန် စစ်သွေးကြွတစ်ဦး ငြိမ်းချမ်းရေး သဘောတူညီမှုအရ ပြန်လွှတ်ပေး

အစ္စလမ္မာဘတ် ဧပြီ ၂၃

ငြိမ်းချမ်းရေး သဘောတူညီမှုရရှိပြီးနောက် ထိပ်တန်းပါကစ္စတန် စစ်သွေးကြွတစ်ဦးကို ပြန်လွှတ်ပေးလိုက်ကြောင်း ပါကစ္စတန်အစိုးရက ကြေညာသည်။

ဖမ်းဆီး

အာဖဂန်နစ္စတန်နိုင်ငံမှ ပြန်ရောက်ပြီးနောက် စစ်သွေးကြွ မော်လာနာဆူဖီမိုဟာမက်ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာလက ပါကစ္စတန်၌ ဖမ်းဆီးလိုက်သည်။ အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များကို တွန်းလှန်တိုက်ခိုက်ရာတွင် တာလီဘန်တို့ဘက်မှ ကူညီတိုက်ခိုက်ရန် မော်လာနာဆူဖီမိုဟာမက်သည် လူငယ်ရာပေါင်းများစွာကို ဦးဆောင်ပြီး အာဖဂန်နစ္စတန်သို့ သွားရောက်ခဲ့သည်။

ပြန်လွှတ်ပေး

မော်လာနာဆူဖီမိုဟာမက်၏ တီအင်အက်စ်အမ်ပါတီမှ ခေါင်းဆောင်ရှစ်ဦးနှင့် ပြည်နယ်အစိုးရတို့ အချက်ခြောက်ချက်ပါ ငြိမ်းချမ်းရေးသဘောတူညီမှု လက်မှတ်ရေးထိုးပြီးနောက် ၎င်းအား ဖမ်းထားရာမှ ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။ **(အင်တာနက်)**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို ဧပြီ ၂၂ ရက်က တွေ့ရစဉ်။ (အင်တာနက်ဓာတ်ပုံ)

လူသားများအတွက် ကြက်ငှက်တုပ်ကွေးကာကွယ်ဆေး ဗီယက်နမ်တွင် ပထမဆုံးအကြိမ် စမ်းသပ်ထုတ်လုပ်

ဟနွိုင်း ဧပြီ ၂၃

ဗီယက်နမ်နိုင်ငံတွင် ထုတ်လုပ်သည့် ကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေးကို ပထမဆုံးအကြိမ်အဖြစ် လူပေါင်း ၃၀အား စမ်းသပ်ထိုးနှံခဲ့ကြောင်း ဒေသထုတ်သတင်းစာ ဗီယက်နမ်နယူးစ်က ဧပြီ ၂၁ရက်တွင် ရေးသားဖော်ပြသည်။

စမ်းသပ်

ယင်း H_5N_1ကာကွယ်ဆေးကို ဟနွိုင်းအခြေစိုက် စစ်ဘက်ဆိုင်ရာ ဆေးသင်တန်းကျောင်းမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ကျန်းမာရေးဝန်ထမ်းများက အသက်၁၈နှစ်နှင့် ၄၅နှစ်ရှိ လူပေါင်း ၃၀အား စမ်းသပ်အသုံးပြုခဲ့ခြင်း ဖြစ်သည်။

အဆိုပါ ထိုးဆေးကိုမျောက်သတ္တဝါများ၏ ကျောက်ကပ်ဆဲလ်ဖြင့် ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း၊ ၎င်းကိုအမျိုးသားကပ်ပါးဗေဒဌာနအောက်ရှိ ထိုးဆေးနှင့်ဇီဝနည်းပညာ ထုတ်ကုန်ပစ္စည်းထုတ်လုပ်ရေးကုမ္ပဏီက စမ်းသပ်ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။

ထုတ်လုပ်ရောင်းချ

ယင်းထိုးဆေးကို လွန်ခဲ့သောလေးနှစ်မှစတင်ကာ ဗီယက်နမ်ဆေးဘက်ဆိုင်ရာ သိပ္ပံပညာရှင်များက သုတေသနပြုခဲ့ကြသည်။ ထိုစမ်းသပ်မှုအောင်မြင်ခဲ့လျှင် ဗီယက်နမ်နိုင်ငံက လာမည့်ဇွန်လတွင် လူပေါင်း ၂၄၀ကို ဒုတိယအကြိမ်မြောက်အဖြစ် စမ်းသပ်အသုံးပြုသွားမည်ဖြစ်ကြောင်း၊ ၂၀၀၉ခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၌ လူသို့ကြက်ငှက်တုပ်ကွေးရောဂါကူးစက်မှုကို ကာကွယ်နိုင်သည့် H_5N_1 ထိုးဆေးကို ဆေးတစ်လုံးလျှင် အမေရိကန်ဒေါ်လာနှစ်ဒေါ်လာနှုန်းဖြင့် ထုတ်လုပ်ရောင်းချသွားမည်ဟုဆိုသည်။

စောစောပိုင်းက လူ၁၀ဦးအား ၎င်းဆေးစမ်းသပ်အသုံးပြုခဲ့ရာ အောင်မြင်သည်ဟုဆိုနိုင်သည်။ စမ်းသပ်ခံရသူအားလုံး ယခုအခါ ကျန်းမာလျက်ရှိသည်ဟုဆိုထားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

 ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား ကမ္ဘာ့တစ်လွှားအားကစား

ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲပထမအကျော့ပွဲအပြီး နည်းပြနှစ်ဦးတို့၏ပြောစကား

လန်ဒန် ဧပြီ ၂၃

ချန်ပီယံလိဂ်ဘောလုံးပြိုင်ပွဲ အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်အဖြစ် ဧပြီ ၂၃ ရက်က လီဗာပူးနှင့်ချယ်လ်ဆီးတို့ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် တစ်ဂိုးစီဖြင့် သရေပွဲဖြစ်ခဲ့သည်။

ထိုသို့သရေပွဲဖြစ်ခဲ့သဖြင့် အိမ်ရှင်လီဗာပူးတို့၏ ဗိုလ်လုပွဲရောက်ရှိရေးမျှော်လင့်ချက် ထိခိုက်ခဲ့ရသလို အဝေးကွင်း၌ သရေကစားနိုင်ခဲ့သော ချယ်လ်ဆီးတို့အတွက် အားတက်စရာဖြစ်ခဲ့ရသည်။

ခံစားရ

ယင်းပွဲစဉ်အပြီး၌ လီဗာပူးနည်းပြဘင်နီတက်ဇ်က "တကယ့်ကို အံ့သြစရာကောင်းတဲ့ရလဒ်ပါပဲ။ လက်မခံနိုင်စရာဖြစ်အောင် ခံစားရပါတယ်။ အမှန်တကယ် ရလဒ်က ကျွန်တော်တို့နိုင်ပွဲပါ။ တကယ်ဆိုရင် ကျွန်တော်တို့အဝေးကွင်းမှာ စိတ်ဓာတ်အသာစီးနဲ့ ကစားပြီး အောင်ပွဲခံဖို့အခွင့်အရေးများစွာရှိနေမယ့် အခြေအနေမျိုးဖြစ်သင့်ပါတယ်။ ဒီပွဲဟာ ကျွန်တော်တို့ကွင်းမှာဆိုပေမယ့် ခက်ခက်ခဲခဲကစားရတဲ့ပွဲစဉ် လည်းဖြစ်ပါတယ်။ နောက်တစ်ချက်က ကွင်းလယ်ဒိုင်လူကြီးရဲ့ဆုံးဖြတ်ချက်တွေကလည်း ကျေနပ်စရာ မကောင်းပါဘူး။ တချို့

"ဒုတိယအကျော့မှာ ခက်ခက်ခဲခဲ ကစားရတော့မှာပါ" ဘင်နီတက်ဇ်

ပြစ်ဒဏ်ဘောတွေကိုလည်း မပေးခဲ့တာဆိုတော့ ကျွန်တော်တို့နစ်နာခဲ့ရတယ်။ ရီဆာရဲ့ အမှားကလည်း မတော်တဆဖြစ်ရပ်ဆိုပေမယ့် ကျွန်တော်တို့ကို အကျပ်အတည်း တွေ့စေတဲ့အဖြစ်ကို ရောက်သွားခဲ့တာပါပဲ။ အခုအတိုင်းဆိုတော့ ချယ်လ်ဆီးရဲ့ စတန်းဖို့ဒ်ဘရစ်ချ် ကွင်းမှာ ကျွန်တော်တို့ ခက်ခက်ခဲခဲ ကစားရတော့မှာပါ။ ချယ်လ်ဆီး ကွင်းမှာ သွားကစားတဲ့အခါ ကျွန်တော်တို့အရင်ကထက် အဆပေါင်းများစွာ ကြိုးစားရတော့မယ်။ ဒါပေမယ့် လီဗာပူးဟာ အချိန်တိုအတွင်းမှာ ပွဲရလဒ်ကိုပြောင်းလဲအောင် လုပ်နိုင်တဲ့ အသင်းဖြစ်ပါတယ်" ဟုပြောကြားသွားသည်။

ဖေးမ

ထို့အတူ အဝေးကွင်း၌ လီဗာပူးကို တစ်ဂိုးစီဖြင့် ကံကောင်းစွာသရေပွဲ ဖြစ်ခဲ့သော ချယ်လ်ဆီးအသင်းနည်းပြ ဂရန့်ကလည်း "ကျွန်တော်တို့အတွက် ကံတရားက ဖေးမလိုက်တာပါပဲ။ ဒီပွဲရလဒ်ကြောင့် ကျွန်တော်တို့အိမ်ကွင်းမှာ စိတ်ဓာတ် အသာစီးနဲ့ကစားနိုင်တော့မှာပါ။ ချယ်လ်ဆီးအသင်းဟာ အရည်အချင်းရှိတဲ့ ဘောလုံးသမားတွေ ပိုင်ဆိုင်ထားတဲ့အသင်း ဖြစ်ပါတယ်။ အိမ်ကွင်းရှုံးပွဲမရှိ စံချိန်ကိုလည်း ဆက်လက်ထိန်းသိမ်းပြီး နိုင်ပွဲရအောင် သေသေချာချာ ပြင်ဆင်ကစားသွားဖို့ ကျွန်တော့် ကစားသမားတွေကို စနစ်တကျ လေ့ကျင့်ပေးသွားမှာပါ။ ကျွန်တော်တို့ လီဗာပူးကို အနိုင်ကစားပြီး နောက်ဆုံးဗိုလ်လုပွဲရောက်အောင် ကြိုးစားသွားဖို့ ဆုံးဖြတ်ထားပြီမို့ နိုင်ပွဲဟာကျွန်တော်တို့ လက်ထဲမှာ ရှိနေပါပြီ" ဟု ချယ်လ်ဆီးနည်းပြဂရန့်က ပြောကြားသွားသည်။

(အင်တာနက်)

"ဗိုလ်လုပွဲရောက်အောင် ကြိုးစားသွားမယ်" ဂရန့်

ရေးသားသူ - မောင်မောင်မြင့်ဆွေ

မြန်မာ့အလင်း အင်တာနက်သတင်းအတိုအထွာ

❍ မန်စီးတီးအသင်းသည် စီအက်စ်ကေအေမော်စကိုအသင်းမှ အသက် ၂၁ နှစ်အရွယ်ရှိ ဘရာဇီးတိုက်စစ်မှူးဂျိုအား စံချိန်တင်ပြောင်းရွှေ့ကြေးပေါင်သန်း ၂၀ ဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

❍ **အာဆင်နယ်အသင်းကွင်းလယ်ကစားသမား လက်ဘ်သည် အင်တာမီလန်အသင်းနှင့် ဆက်သွယ်ဆွေးနွေးမှုများ ပြုလုပ်နေသဖြင့် အသင်းအနေဖြင့် ၎င်းအားလက်လွှတ်ရဖွယ်ရှိကြောင်း နည်းပြအာစင်ဝင်းဂါးကဆိုသည်။**

❍ စီးရီးအေမှ အေစီမီလန်နှင့် ဂျူဗင်းတပ်စ်အသင်းတို့က အာဆင်နယ်တိုက်စစ်မှူး အဒီဘာယောကို ဆက်သွယ်မှုများပြုလုပ်ပြီးနောက် ၎င်းသည်အီတလီသို့ပြောင်းရွှေ့ဖွယ်ရှိကြောင်း ၎င်း၏အေးဂျင့်ဗင်ဆင်ဇိုမိုရာသီတို့က ပြောကြားသည်။

❍ **စပါးအသင်းသည် အသက် ၂၉ နှစ်အရွယ်ရှိ ဂီတာဖေးခံစစ်မှူး ဒင်နီယယ်ဒီယက်ဇ်ကို ပေါင်သုံးသန်းဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိသည်။**

❍ လီဗာပူးအသင်းနည်းပြ ဘင်နီတက်ဇ်သည် နယူးကာဆယ်မှ အသက် ၃၂နှစ်အရွယ်ရှိ ပေါင်ငါးသိန်းတန် စတိဗ်ဟာပါအား အရန်ဂိုးသမားအဖြစ် ခေါ်ယူလိုသည်ဟု ဆိုသည်။

❍ **ပို့စ်မောက်နည်းပြ ဟာရီရက်နက်သည် ဖူလ်ဟမ်အသင်းမှ ဂျင်မီဘူလာကို ပေါင်ငါးသန်းဖြင့်ခေါ်ယူလိုက်သည်ဟုဆိုသည်။**

❍ အက်စ်တွန်ဗီလာအသင်းသည် ဂရက်ဘာရီအားလက်လွှတ်လိုက်ရပြီးနောက် နည်းပြမာတင်အိုနေးလ်က ချယ်လ်ဆီးကစားသမားဆစ်ဝဲကို ပေါင်ငါးသန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။

❍ **ဘာစီလိုနာတိုက်စစ်မှူး အီတူးသည် လွန်ခဲ့သည့်ရက်သတ္တပတ်က စပါးအသင်းနှင့် ဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု စပိန်သတင်းစာအေအက်စ်က အခိုင်အမာဖော်ပြသည်။**

ဖလာမင်ဂိုနည်းပြဆန်တာနာ တောင်အာဖရိကနည်းပြဖြစ်လာမည်

ကိတ်တောင်း ဧပြီ ၂၃

တောင်အာဖရိကဘောလုံးအသင်းနည်းပြ ပရဲယားနတ်ထွက်သွားလျှင် ၎င်း၏ ဘရာဇီးအသင်း ကစားဖော်ဖြစ်ခဲ့သော ဂျိုးလ်ဆန်တာနာက တောင်အာဖရိက နည်းပြအဖြစ် အစားထိုးဝင်ရောက်တာဝန်ယူသွားမည်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

နည်းပြဆန်တာနာ

တောင်အာဖရိကနည်းပြဖြစ်လာမည့် ဘရာဇီးနိုင်ငံသား ဆန်တာနာ။

ထွက်ခွာခွင့်

ဆန်တာနာ၏ကလပ် ဖလာမင်ဂိုကလည်း ၂၀၁၀ပြည့်နှစ် ကမ္ဘာ့ဖလားပွဲ အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် တောင်အာဖရိကအသင်းကို ကိုင်တွယ်ခွင့် ရရှိရန် ထွက်ခွာခွင့်ပြုမည်ဟုဆိုသည်။

ပြောကြား

ဆန်တာနာအား ဘရာဇီးနိုင်ငံ၌ ကျင်းပလျက်ရှိသော ကာရီယိုကာချန်ပီယံရှစ်ဖလားပြိုင်ပွဲပြီးလျှင် တောင်အာဖရိကအသင်းသို့ပြောင်းရွှေ့ခွင့် ပေးသွားမည်ဖြစ်ကြောင်းဖလာမင်ဂိုအသင်း ဒုတိယဥက္ကဋ္ဌ ကလီဘာလီဘေးက ပြောကြားသည်။

ကြေညာထား

၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလက တောင်အာဖရိက ဘောလုံးအသင်းနည်းပြဖြစ်လာသော ပရဲယားသည်ဇနီး၏ ကျန်းမာရေးအခြေအနေမကောင်းသဖြင့် နည်းပြအဖြစ်မှနုတ်ထွက်ရန် ကြေညာထားပြီးဖြစ်သည်။

ဝမ်းမြောက်မိ

ဆန်တာနာက ၎င်းအနေဖြင့် ဖလာမင်ဂိုအသင်းမှ ထွက်ခွာရမည်ကိုမပျော်ရွှင်ကြောင်း၊ သို့သော်လည်း အလုပ်သစ်အတွက် ဝမ်းမြောက်မိကြောင်း ပြောကြားသည်။

(အင်တာနက်)

ကယ်ရီလိုင်းနားပြိုင်ပွဲ ဆီရီနာဝီလျံအနိုင်ရဗိုလ်စွဲ

ကယ်ရီလိုင်းနား ဧပြီ ၂၃

ဆီရီနာဝီလျံသည် အမေရိကန်နိုင်ငံ တောင်ကယ်ရီလိုင်းနား၌ ကျင်းပသော ဖန်မလီဆာကယ်ဖလားပြိုင်ပွဲတွင် ရုရှားတင်းနစ်မယ်ဇွာနာရေးဗယ်အား ၆-၄၊ ၃-၆၊ ၆-၃ ဖြင့်နိုင်ပြီး ဆုဖလားဆွတ်ခူးနိုင်ခဲ့သည်။

ဆွတ်ခူး

ကမ္ဘာ့နံပါတ်အဆင့် ၆ ရှိဆီရီနာဝီလျံသည် နှစ်နာရီကြာနီးပါး ကစားပြီးမှ အနိုင်ရဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ယင်းဖလားသည် ယခုနှစ်အတွင်း ၎င်းဆွတ်ခူးနိုင်ခဲ့သည့် တတိယမြောက်ဖလားဖြစ်သည်။

တက်လှမ်း

အဆိုပါဆုဖလားသည် ဆီရီနာဝီလျံ၏ တင်းနစ်ကစားသမားဘဝ သက်တမ်းတစ်လျှောက်ဆွတ်ခူးနိုင်သည့် ၃၁ လုံးမြောက်ဆုဖလားလည်းဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အနိုင်ရဗိုလ်စွဲခဲ့သဖြင့် ဆီရီနာသည် ကမ္ဘာ့အဆင့် ၉ မှ အဆင့် ၆ သို့တက်လှမ်းနိုင်ခဲ့သည်။

(အင်တာနက်)

ကယ်ရီလိုင်းနား ဖလားပြိုင်ပွဲတွင် အနိုင်ရပြီး အောင်ပွဲခံနေသော ဆီရီနာဝီလျံ။
(အင်တာနက်ဓာတ်ပုံ)

တောင်အာဖရိက ကစားသမား ပီယင်နားအား အဲဗာတန်က သုံးနှစ်စာချုပ်ဖြင့်ခေါ်ယူ

လန်ဒန် ဧပြီ ၂၃

အဲဗာတန်အသင်းက အငှားခေါ်ယူထားသော ကွင်းလယ်ကစားသမား စတီဗင် ပီယင်နားအား အမြဲတမ်းကစားသမားအဖြစ် ပေါင်နှစ်သန်းဖြင့် စာချုပ်ခေါ်ယူလိုက်ပြီဖြစ်ကြောင်း ၎င်းကလပ်က ပြောကြားသည်။

သုံးနှစ်စာချုပ်

အသက် ၂၆နှစ်ရှိ တောင်အာဖရိက လက်ရွေးစင် ဘောလုံးသမား ပီယင်နားသည် အဲဗာတန်အသင်းတွင် တစ်နှစ်ကြာ အငှားလာရောက်ကစားခဲ့ပြီးနောက် အဲဗာတန်တာဝန်ရှိသူများက ကျေနပ်အားရမှုရှိသဖြင့် အမြဲတမ်းကစားသမားအဖြစ် သုံးနှစ်စာချုပ်လိုက်သည်။

စာချုပ်ခဲ့

အဆိုပါ ကွင်းလယ်ကစားသမားအား အာဆင်နယ်၊ နယူးကာဆယ်နှင့် ဗလင်စီယာအသင်းများကခေါ်ယူရန် အဆက်အသွယ်ပြုလုပ်ခဲ့သည်။ သို့သော် ဂွတ်ဒီဆင်ပတ်၌ ပျော်ရွှင်နေပြီဖြစ်၍ အဲဗာတန်က အမြဲတမ်း ကစားသမားအဖြစ် စာချုပ်ခဲ့သည်။

ပီယင်နားသည် အေးဂျက်ဇ်လူငယ်ဘောလုံး အကယ်ဒမီမှ မွေးထုတ်လိုက်သော တောင်အာဖရိကဘောလုံးသမားဖြစ်သည်။ ၎င်းသည် ယခုနှစ်ဘောလုံးရာသီတွင် အဲဗာတန်အသင်း၌ ၃၅ပွဲပါဝင်ကစားခဲ့ရာ နှစ်ဂိုးသွင်းယူနိုင်ခဲ့သည်။

(အင်တာနက်)

ပီယင်နား

အဲဗာတန်၌ ခြေစွမ်းပြနေသော တောင်အာဖရိက ကွင်းလယ်ကစားသမား ပီယင်နား။

(အင်တာနက်ဓာတ်ပုံ)

ဝေလအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲ ဟာရင်တန်ဆုဖလားမျှော်မှန်း

နယူးဖို့သ်(ဝေလ) ဧပြီ ၂၃

ဝေလဂေါက်သီးအကျော်အမော် ပါဒရိတ်ဟာရင်တန်သည် ယင်းနိုင်ငံ၌ကျင်းပမည့် ဝေလအိုးပင်းပြိုင်ပွဲတွင် ချန်ပီယံဆုဖလားဆွတ်ခူးရန်မျှော်လင့်ထားသည်။

ကိုးနှစ်မြောက်

ဝေလအိုးပင်းဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၉ရက်မှ ဇွန် ၁ရက်အထိ ကျင်းပမည်ဖြစ်သည်။ ဟာရင်တန်သည် ယင်း ဝေလအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ကိုးနှစ်မြောက်အဖြစ် ပါဝင်ကစားမည်ဟု ဆိုသည်။

ရောက်ရှိလာ

ဟာရင်တန်သည် ယခုလအစောပိုင်းက အမေရိကန်နိုင်ငံ၌ကျင်းပသော ယူအက်စ်မာစတာဂေါက်သီးရိုက်ပြိုင်ပွဲအပြီး ဥရောပအဆင့်အမြင့်ဆုံးနေရာသို့ ရောက်ရှိလာသည်။ ၎င်းသည် ယူအက်စ်မာစတာချန်ပီယံဖြစ်သွားသော တောင်အာဖရိကဂေါက်သီးကစားသမား ထရီဗာအင်မီလ်မန်းနောက်မှ ခြောက်ချက်လျှော့ရိုက်ပြီး ပဉ္စမနေရာမှလိုက်နိုင်ခဲ့သည်။

ဝေလအိုးပင်းဖလားကို မိမိနိုင်ငံ မိမိပရိသတ်ရှေ့မှောက်၌ အနိုင်ရဗိုလ်စွဲရန် ဆန္ဒပြင်းပြလျက်ရှိကြောင်း ဟာရင်တန်က ပြောကြားသည်။

(အင်တာနက်)

ဝေလအိုးပင်းဆုဖလား ဆွတ်ခူးရန် ဆန္ဒပြင်းပြနေသော ဟာရင်တန်။

(အင်တာနက်ဓာတ်ပုံ)

မြင့်မောင်စိုး - စုစည်းသည်

ရည်မှန်းချက်တာဝန်(၉)ရပ်ဖြင့် ရှေ့သို့ချီတက်နေသော အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ နိုင်ငံတော် ဓာတ်အားပေး

တက်ရောက်အားပေး

ရခိုင်ပြည်နယ် တောင်ကုတ်မြို့ ကိုယ့်အားကိုယ်ကိုး စပါးခွံမီးစက်ဖွင့်ပွဲတွင် တိုင်းမှူးနှင့်အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီးတို့ တက်ရောက်အားပေး ကြည့်ရှုနေကြစဉ်။

ကမ္ဘာပေါ်တွင် နိုင်ငံအလိုက်ရရှိနိုင်သော သယံဇာတအရင်းအမြစ်များအပေါ်အခြေခံပြီး နည်းလမ်းမျိုးစုံ အသုံးပြု၍ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဇီဝရုပ်ကြွင်း လောင်စာ (Fossil Fuel)များဖြစ်သည့် ရေနံ၊သဘာဝဓာတ်ငွေ့နှင့် ကျောက်မီးသွေးတို့ကို တူးဖော်ထုတ်လုပ်ပြီး သမားရိုးကျနည်းများဖြင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကို နှစ်ပေါင်းများစွာ အသုံးပြုပါက ထိုစွမ်းအင်အရင်းအမြစ်များ ကုန်ခန်းလာမည်ဖြစ်ပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံများမှတိုးတက်လိုအပ်လာမည့် စွမ်းအင်လိုအပ်ချက်ကို လုံလောက်မှုရှိရေးအတွက် ရေနံကိုအပြိုင်အဆိုင်ဝယ်ယူသိုလှောင်ထားရှိခြင်းတို့ကြောင့် ဝယ်လိုအားမြင့်မားလာခြင်း၊ နိုင်ငံရေးအင်အားပြိုင်ဆိုင်မှုများဖြစ်ပေါ်လာခြင်းတို့ကြောင့် လောင်စာဈေးနှုန်းမြင့်မားခြင်း စသည့်အကျိုးဆက်များဖြစ်ပေါ်လျက်ရှိပေသည်။

ထို့ကြောင့် ကမ္ဘာ့နိုင်ငံအများစုသည် အနာဂတ်လျှပ်စစ်စွမ်းအားလိုအပ်ချက် စွမ်းအင်စိတ်ချရရေး (Energy Security)အတွက် မိမိနိုင်ငံတွင် ရရှိနိုင်မည့် အစားထိုးစွမ်းအင် (Alternative Energy) ကို အသုံးပြုပြီး ဓာတ်အားထုတ်လုပ်သုံးစွဲနိုင်မည့် နည်းလမ်းများရှာဖွေဖော်ထုတ် စမ်းသပ်ဆောင်ရွက်လျက်ရှိနေကြသည်။

အနာဂတ် လျှပ်စစ်စွမ်းအားလိုအပ်ချက်ကို တစ်စိတ်တစ်ပိုင်း ဖြည့်ဆည်းနိုင်ရေး၊ လျှပ်စစ်ဓာတ်အား မရရှိသေးသောဒေသများ ဓာတ်အားရရှိရေး၊ လောင်စာဈေးနှုန်းမြင့်မားမှု အကျိုးဆက်မှ ကင်းလွတ်ရေးနှင့် မြေအောက် သယံဇာတ လောင်စာအပေါ် မှီခိုရမှုမှ လျှော့နည်းရေးတို့အတွက် ဒေသတွင်း ပေါများစွာရရှိနိုင်မည့် စိုက်ပျိုးရေးအခြေခံ ဘေးထွက်ပစ္စည်းများအား ဇီဝလောင်စာ (Bio-mass) အဖြစ် အသုံးပြု၍ တစ်ရွာတစ်မြို့ မီးလင်းရေးကို ဌာနအနေဖြင့်ဖြစ်စေ၊ ပုဂ္ဂလိကကဏ္ဍမှဖြစ်စေ၊ ကျေးရွာပြည်သူလူထု၏ စည်းလုံးအားထုတ်မှုဖြင့်ဖြစ်စေ ဆောင်ရွက်သွားရန် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ထားရှိမှုများ

ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသည့် ဒေသများတွင်နေထိုင်သော ပြည်သူများ လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်စေရန်အတွက် အသေးစား ရေအားလျှပ်စစ်စက်ရုံများမှ ဓာတ်အားထုတ်လုပ်၍ လည်းကောင်း၊ ဒီဇယ်ဓာတ်အားပေးစက်များ တပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်၍လည်းကောင်း စီစဉ် ဆောင်ရွက်ထားသည့်အပြင် ထိုဒေသများ၌ အလွယ်တကူပေါများစွာ ရရှိနိုင်သော ဇီဝလောင်စာအမျိုးအစားအပေါ်အခြေခံ၍ ဇီဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ တပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးပေးလျက် ရှိသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဇီဝလောင်စာသုံး ဓာတ်အားပေးစက်များကို အောက်ပါတည်နေရာများတွင် တည်ဆောက်၍ လျှပ်စစ်ဓာတ်အားပေးရန် ဆောင်ရွက်ထားသည်-

စဉ်	ပြည်နယ်/တိုင်း	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	ရန်ကုန်တိုင်း	ခရမ်း(ကမာမတ်)	၁၂၅	စပါးခွံ	၃၁-၁-၂၀၀၈
(၂)	ရန်ကုန်တိုင်း	ကိုကိုးကျွန်း	၁၅၀	အုန်းလက်+ဒီဇယ်	ဆောင်ရွက်ဆဲ
(၃)	ရန်ကုန်တိုင်း	တွံတေး(သဝန်းတော)	၁၅၀	စပါးခွံ	ဆောင်ရွက်ဆဲ
(၄)	ရခိုင်ပြည်နယ်	တောင်ကုတ်	၂×၅၀၀	စပါးခွံ+ဒီဇယ်	၁၉-၁၁-၂၀၀၇
(၅)	ရခိုင်ပြည်နယ်	ဂွ	၂၀၀	ထင်း+ဒီဇယ်	၂၈-၂-၂၀၀၇

ပုဂ္ဂလိကကဏ္ဍနှင့် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဆောင်ရွက်ထားရှိမှုများ

ဓာတ်အားစနစ်မှ အလှမ်းကွာဝေးသောနေရာဒေသများရှိ မိမိတို့၏ သွေးရင်းတိုင်းရင်းသားလူမျိုးများ လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိနိုင်ရန် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အသေးစားရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်၍လည်းကောင်း၊ ဒီဇယ်ဓာတ်အားပေးစက်များတပ်ဆင်ပြီး ဓာတ်အားထုတ်လုပ်၍လည်းကောင်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် ဒေသခံပြည်သူလူထု၏ ဓာတ်အားသုံးစွဲမှု ပမာဏမြင့်မားလာခြင်းကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်၍ တိုင်းရင်းသား ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ မီးလင်းရေးကော်မတီများ ဖွဲ့စည်းလုပ်ကိုင်မှုဖြင့်လည်းကောင်း ဓာတ်အား တိုးတက်ထုတ်လုပ် ဖြန့်ဖြူးရန် ဆောင်ရွက်သည့် အစီအစဉ်များကို ထိုဒေသများ၏ တိုးတက်မှုနောက်မကျစေရေး ဦးတည်ချက်ဖြင့် ပြည်သူလူထု ပူးပေါင်းပါဝင်သော လျှပ်စစ်ဓာတ်အားပေးရေးစနစ်ကို ပုံဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုအစီအစဉ်များအရ လက်ရှိပုဂ္ဂလိကကဏ္ဍနှင့် ကိုယ့်အားကိုယ်ကိုး အစီအစဉ်ဖြင့် ဓာတ်အားဖြန့်ဖြူးရေးအား ဆောင်ရွက်ထားရှိမှုများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(၁)	ကချင်ပြည်နယ်	၃	မြို့
(၂)	ကရင်ပြည်နယ်	၂	မြို့
(၃)	ချင်းပြည်နယ်	၁	မြို့
(၄)	ရခိုင်ပြည်နယ်	၁၀	မြို့
(၅)	ရှမ်းပြည်နယ်(တောင်ပိုင်း)	၁	မြို့
(၆)	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၁၁	မြို့
(၇)	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၂	မြို့
(၈)	တနင်္သာရီတိုင်း	၁၆	မြို့
(၉)	ဧရာဝတီတိုင်း	၂၀	မြို့
		၆၆	မြို့

ထိုကဲ့သို့ ကိုယ့်အားကိုယ်ကိုးဓာတ်အားထုတ်လုပ် ဖြန့်ဖြူးခြင်းကို ဆောင်ရွက်လျက်ရှိသော ပြည်နယ်နှင့်တိုင်းများအနက်မှ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းအတွင်းမှ အချို့သော ဇီဝလောင်စာသုံးစက်များ၏စာရင်းကို စုဆောင်း၍ တင်ပြလိုက်ရပါသည်။

ရခိုင်ပြည်နယ်

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	စစ်တွေ	၁၂၅ ၁၂၅ ၁၂၅ ၅၀	စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ	၁-၈-၂၀၀၇ ၂၈-၂-၂၀၀၇ ၆-၃-၂၀၀၇ ၈-၃-၂၀၀၆
(၂)	မင်းပြား	၂၀၀ ၁၂၅	စပါးခွံ စပါးခွံ+ဒီဇယ်	၁-၁-၂၀၀၆ ၂၆-၁-၂၀၀၇

ဧရာဝတီတိုင်း

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၁)	မအူပင်	၅၀ ၃၀ ၁၀ ၁၀	စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ	၅-၁၁-၂၀၀၅ ၁၀-၃-၂၀၀၃ ၂၅-၃-၂၀၀၆ ၃-၅-၂၀၀၆
(၂)	ဓနုဖြူ	၃၀ ၂၅ ၅၀၀	စပါးခွံ စပါးခွံ စပါးခွံ	၂-၅-၂၀၀၆ ၁၁-၈-၂၀၀၆ ၁၂-၁၂-၂၀၀၄
(၃)	ညောင်တုန်း	၁၀၂ ၄၁ ၄၁ ၄၁ ၄၁ ၄၁ ၁၀၂ ၄၁ ၄၁ ၄၁	စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ စပါးခွံ	၁၂-၂-၁၉၉၆ ၁၀-၉-၁၉၉၈ ၂၄-၂-၂၀၀၆ ၁၅-၃-၂၀၀၄ ၁၆-၄-၂၀၀၅ ၁၄-၁-၂၀၀၆ ၁၃-၂-၂၀၀၅ ၁၈-၄-၂၀၀၅ ၁-၆-၂၀၀၃ ၈-၇-၂၀၀၂
(၄)	ပန်းတနော်	၅၀	စပါးခွံ	၂၁-၆-၂၀၀၁

စဉ်	မြို့	စက်အင်အ (KVA
(၅)	ဓနုဖြူ	၅၆
(၆)	အိမ်မဲ	၂၀ ၂၀ ၂၀ ၅၆
(၇)	ဝါးခယ်မ	၂၄ ၅၀ ၅၆ ၅၆
(၈)	ပြင်စလူ	၂
(၉)	မော်လမြိုင်ကျွန်း	၈၀ ၁၈ ၅၆
(၁၀)	ကန်ကြီးဒေါင့်	၅၀ ၃၀ ၅၆ ၉၃
(၁၁)	ဟင်္သာတ	၈၀ ၄၀ ၆၀
(၁၂)	လပွတ္တာ	၂၀ ၅၀ ၉၃
(၁၃)	ကျောင်းကုန်း	၁၁၂
(၁၄)	ကျိုက်လတ်	၅၆
(၁၅)	ဖျာပုံ	၅၆ ၉၃
(၁၆)	ရေကြည်	၅၆
(၁၇)	ဇလွန်	၅၆
(၁၈)	ကျုံပျော်	၅၆
(၁၉)	မြောင်းမြ	၅၆
(၂၀)	အင်္ဂပူ	၉၃

စပါးခွံ လောင်စာသုံး ဓာတ်အားပေးစက်

ရန်ကုန်တိုင်း တွံတေး မြို့နယ် သဝန်းတော ကျေးရွာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ကျေးရွာလူထုတို့ ပူးပေါင်း တည်ဆောက်ခဲ့သည့်စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ကို တွေ့ရစဉ်။

...တက်နေသော ...် ဓာတ်အားပေးစနစ်(၇)

သတင်းဆောင်းပါး - ခရမ်းစိုးမြင့်

ဓာတ်ပုံ - အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

စဉ်	မြို့	စက်အင်အား (KVA)	လောင်စာ အမျိုးအစား	ဓာတ်အား ပေးသည့်နေ့
(၅)	ခနော်ဖြူ	၅၆	စပါးခွံ	၁၁-၂-၂၀၀၂
(၆)	အိမ်မဲ	၂၀	စပါးခွံ	၂-၁၀-၂၀၀၆
		၂၀	စပါးခွံ	၃-၆-၂၀၀၄
		၂၀	စပါးခွံ	၁၀-၁၀-၂၀၀၅
		၅၆	စပါးခွံ	၁၇-၁၀-၂၀၀၁
(၇)	ဝါးခယ်မ	၂၄	စပါးခွံ	၁-၉-၂၀၀၆
		၅၀	စပါးခွံ	၃-၃-၂၀၀၄
		၅၆	စပါးခွံ	၂၀-၁၁-၂၀၀၁
		၅၆	စပါးခွံ	၈-၂-၂၀၀၂
(၈)	ပြင်စလူ	၂	စပါးခွံ	၁၈-၆-၂၀၀၀
(၉)	မော်လမြိုင်ကျွန်း	၈၀	စပါးခွံ	၁-၅-၂၀၀၆
		၁၈	စပါးခွံ	၉-၅-၂၀၀၂
		၅၆	စပါးခွံ	၁၃-၁၂-၂၀၀၁
(၁၀)	ကန်ကြီးဒေါင့်	၅၀	စပါးခွံ	၁-၁-၂၀၀၁
		၃၀	စပါးခွံ	၂-၂-၂၀၀၂
		၅၆	စပါးခွံ	၂၃-၁၂-၂၀၀၁
		၉၃	စပါးခွံ	၁၀-၁-၂၀၀၂
(၁၁)	ဟင်္သာတ	၈၀	စပါးခွံ	၁၈-၁-၂၀၀၂
		၄၀	စပါးခွံ	၁၅-၄-၂၀၀၂
		၆၀	စပါးခွံ	၂၆-၂-၂၀၀၂
(၁၂)	လပွတ္တာ	၂၀	စပါးခွံ	၁၀-၉-၂၀၀၃
		၅၀	စပါးခွံ	၁-၄-၂၀၀၆
		၉၃	စပါးခွံ	၂၀၀၀
(၁၃)	ကျောင်းကုန်း	၁၁၂	စပါးခွံ	၁၉၉၈
(၁၄)	ကျိုက်လတ်	၅၆	စပါးခွံ	၈-၆-၂၀၀၁
(၁၅)	ဖျာပုံ	၅၆	စပါးခွံ	၁၀-၆-၂၀၀၁
		၉၃	စပါးခွံ	၂၄-၁-၂၀၀၂
(၁၆)	ရေကြည်	၅၆	စပါးခွံ	၁၂-၁၂-၂၀၀၁
(၁၇)	ဇလွန်	၅၆	စပါးခွံ	၂၀-၁၀-၂၀၀၁
(၁၈)	ကျုံပျော်	၅၆	စပါးခွံ	၁၈-၁၂-၂၀၀၁
(၁၉)	မြောင်းမြ	၅၆	စပါးခွံ	၂၇-၁၂-၂၀၀၁
(၂၀)	အင်္ဂပူ	၉၃	စပါးခွံ	၁၁-၁-၂၀၀၂

ဧရာဝတီတိုင်းသည်တိုင်းပြည်၏စပါးကျီကြီး ဖြစ်သည်နှင့်အညီ ဘေးထွက် အပိုပစ္စည်းဖြစ်သော စပါးခွံကိုအသုံးပြု၍ဓာတ်အားပေးစက်များ တပ်ဆင်အသုံးပြုထားသည်မှာ ယခု တင်ပြပါ စာရင်းထက် များစွာ ကျန်ရှိနေပါသေးသည်။ ထိုကဲ့သို့သော ဒေသတွင် ယခုထက် ပို၍ ဤနည်းပညာကို အသုံးပြုသွားမည် ဆိုလျှင် တစ်ဖက်မှလည်း ဒေသတိုးတက်ရေးကို ပြည်တွင်းဖြစ်နည်းပညာ အသုံးပြု၍ အားပေးဆောင်ရွက်ရာ ရောက်ပါမည်။

စပါးခွံလောင်စာသည် နှစ်စဉ် စပါးစိုက်ပျိုးထုတ်လုပ်မှုမှ ထွက်ရှိလာသည့် ဘေးထွက်ပစ္စည်းဖြစ်ရာ ရေရှည်တည်တံ့စွာ ရရှိနိုင်မည့် မကုန်ခန်းနိုင်သော ပြန်လည်ပြည့်ဖြိုးမြဲ လောင်စာတစ်မျိုးပင်ဖြစ်သည်။ ထိုသို့ ပေါများလှသည့်ဘေးထွက်ပစ္စည်းကို အကျိုးရှိရှိအသုံးပြုခြင်းအားဖြင့် လောင်စာကုန်ကျစရိတ်လည်း သက်သာပြီး၊ ကမ္ဘာ့ရေနံဈေး မြင့်မားပြောင်းလဲမှုကြောင့် ဓာတ်အားထုတ်လုပ်မှုစရိတ်ထိခိုက်မည်ကိုလည်း စိုးရိမ်ရန်လုံးဝမလိုဘဲ လျှပ်စစ်ဓာတ်အားကို ထုတ်လုပ် အသုံးပြုနိုင်သည့်နည်းလမ်းဖြစ်ရာ ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှု၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၏ ပံ့ပိုးဆောင်ရွက်မှု၊ အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၏ မူဝါဒဆိုင်ရာ ပံ့ပိုးမှုတို့ဖြင့် တိုးတက်သည်ထက် တိုးတက်အောင် ဆောင်ရွက်သွားမည်ဟု သိရသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့် တစ်ပြေးညီ စက်မှုလက်မှုနှင့်ကုန်ထုတ်လုပ်မှုလုပ်ငန်းများသာမက ပညာရေး၊ ကျန်းမာရေး၊ပို့ဆောင်ရေး၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင်ပါ အီလက်ထရွန်နစ်ပစ္စည်းများနှင့် နည်းပညာသစ်များ အသုံးပြုလာကြခြင်းကြောင့် အရည်အသွေး စံချိန်စံညွှန်းပြည့်မီသည့် လျှပ်စစ်စွမ်းအားကို စဉ်ဆက်မပြတ် ဖြည့်ဆည်းပေးရေးမှာ ပိုမို လိုအပ်လာမည်ဖြစ်သည်။

နည်းပညာသစ်များ ပေါ်ထွန်းလာသည်နှင့်အမျှ ပြည်သူလူထု၏ လူနေမှုဘဝတွင် လျှပ်စစ်ပစ္စည်းများ တစ်နေ့တခြားပိုမိုသုံးစွဲလာသကဲ့သို့ တရားဝင် လျှပ်စစ်ဓာတ်အား သုံးစွဲခွင့်ရရှိရန်အတွက် မီတာ တပ်ဆင်အသုံးပြုခွင့် လိုအပ်လာပါသည်။သို့ဖြစ်၍ မီတာတပ်ဆင်ခွင့် ရရှိရန် ဆောင်ရွက်ရမည့် အစီအစဉ်နှင့်တစ်နိုင်ငံလုံးတွင် မီတာတပ်ဆင်ပေးထားနိုင်မှု အခြေအနေများကို ဆက်လက်၍ တင်ပြသွားပါမည်။ ။

စပါးခွံ လောင်စာသုံး ဓာတ်အားပေးစက်

ရန်ကုန်တိုင်း တွံတေးမြို့နယ် သဝန်းတောကျေးရွာတွင် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့နှင့် ကျေးရွာလူထုတို့ ပူးပေါင်း တည်ဆောက်ခဲ့သည့်စပါးခွံလောင်စာသုံး ဓာတ်အားပေးစက်ကို တွေ့ရစဉ်။



● နိုင်ငံသစ်ဆီ ဒို့ဦးတည် အခြေခံဥပဒေ အတည်ပြုမည်။

● ဒီမိုကရေစီ ထွန်းကားရေး အခြေခံဥပဒေ အတည်ပြုပေး။

■ ကျောဖုံးမှ

တိမ်ဖြစ်ထွန်းမှု

ရာသီဥတုပူပြင်းမှုမှာ မည်သည့် အတွက်ကြောင့်ဖြစ်သည်ကို မေးမြန်းကြည့်ရာ "သင်္ကြန်ကာလနဲ့သင်္ကြန်ပွဲတော်အပြီးရက်တွေမှာ တိမ်ဖြစ်ထွန်းမှု သိသိသာသာနည်းပါးသွားတယ်။ တိမ်ဖြစ်ထွန်းမှု နည်းပါးသွားတာကြောင့် အပူဒဏ်ကို သိသိသာသာ ခံစားရတာပါပဲ။ နောက်ပြီး မိုးရွာသွန်းမှု ပြတ်တောက်နေတာကလည်း အပူချိန်ကို မြင့်တက်စေတာကြောင့် ပြီးခဲ့တဲ့ရက်တွေမှာ မြန်မာနိုင်ငံ နေရာဒေသ အများအပြားမှာ အပူဒဏ်ကို ပြည်သူတွေ ခံစားကြရခြင်းဖြစ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောကြားသည်။

ယခုရက်ပိုင်းအတွင်း ထူးထူးခြားခြား ဖြစ်ပေါ်ခဲ့သော အပူချိန်များနှင့်ပတ်သက်၍မေးမြန်းရာ "ရန်ကုန်မှာတော့ ဒီနှစ်အတွင်းမှာဖြစ်ပေါ်ခဲ့တဲ့ အမြင့်ဆုံးအပူချိန်က ၄၀ဒီဂရီစင်တီဂရိတ်အထိ တစ်နေ့တာ မြင့်တက်ခဲ့ပါတယ်။ ဒါဟာ အရင်က ရန်ကုန်မြို့ရဲ့အပူချိန်အမြင့်မားဆုံး ၄၁ဒသမ၅ဒီဂရီ စင်တီဂရိတ်အထိ မရောက်ခဲ့ပါဘူး။ ဒီနေ့ ဧပြီ ၂၃ရက်မှာ ရန်ကုန်မြို့ အပူချိန်ဟာ ၃၈ဒီဂရီစင်တီဂရိတ်အထိသာရှိခဲ့တာမို့ အပူချိန်ကျဆင်းလာပါပြီ။ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသတွေမှာတော့ အချို့နေရာတွေမှာ ၄၂ဒီဂရီစင်တီဂရိတ်နဲ့ ၄၄ဒီဂရီစင်တီဂရိတ်ကြားမှာ ရှိနေခဲ့ပါတယ်။ ဒီနှစ်မှာ ချောက်မြို့ရဲ့ အမြင့်ဆုံးအပူချိန်က ၄၆ဒီဂရီစင်တီဂရိတ်အထိ တစ်ရက်ရောက်ခဲ့ပေမယ့် ဧပြီ၂၃ရက်မှာတော့ ၄၄ဒီဂရီစင်တီဂရိတ်အထိကျဆင်းလာပါတယ်။ အခြားဒေသတွေမှာတော့ ဆိုးဆိုးရွားရွားအပူချိန်မြင့်တက်မှုတော့ မရှိပါဘူး" ဟု ၎င်းက ဆက်လက်ရှင်းလင်းပြောကြားသည်။

အပူချိန်

မြန်မာနိုင်ငံ အချို့ဒေသများတွင် သာမန်ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ၅ဒီဂရီစင်တီဂရိတ်အထိ ပိုမိုအပူချိန်မြင့်တက်ခဲ့သော်လည်း မြန်မာနိုင်ငံသမိုင်း၌ အပူချိန်မှတ်တမ်းစံချိန်ချိုးနိုင်သော အပူချိန်မျိုး မရောက်ရှိနိုင်ကြောင်း သိရသည်။

ထို့အပြင် အပူချိန်များ လာမည့်ရက်များတွင် ဆက်လက်မြင့်တက်နိုင်မှု ရှိ၊မရှိမေးမြန်းရာ "အပူချိန်အနေနဲ့ လာမယ့်ရက်တွေမှာတော့ ဒီထက် ဆိုးဆိုးရွားရွား မမြင့်တက်နိုင်တော့ပါဘူး။ နောက်ပြီး ဒီနှစ်ဟာ လာနီညာဖြစ်နိုင်မှု ၂၂ရာခိုင်နှုန်းသာ ရှိတော့တဲ့အတွက် ၂၀၀၈ခုနှစ် ဒီဇင်ဘာလအထိ လာနီညာဖြစ်နိုင်မှုမရှိတော့ပါဘူး။ အဲဒီလိုပဲ အေးပြီးစွတ်စိုတဲ့ အယ်နီညိုလည်း မဖြစ်နိုင်ပါဘူး။ ဒါကြောင့် အလွန်လည်းမအေး၊ အလွန်လည်း မပူတဲ့ ကြားနေ ရာသီဥတု နှစ်တစ်နှစ်ပဲဖြစ်ပါတယ်။ ဒီလိုနှစ်မျိုးမှာ နွေလည်းနွေအလျောက် ပူမှာဖြစ်ပြီး ဆောင်းမှာလည်း ဆောင်းရာသီ သဘာဝအတိုင်းသာ အေးမှာဖြစ်ပါတယ်။ မိုးလည်း မိုးရာသီအလျောက် ပုံမှန်မိုးတွေပဲ ရွာသွန်းနိုင်ပါတယ်"လို့ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသည်။

နောက်ကျဖွယ်

ဆက်လက်ပြီး ယခုနှစ် မုတ်သုံအဝင် စောမှုရှိ၊မရှိ မေးမြန်းရာ "ဒီနှစ်မှာတော့ မုတ်သုံအဝင် သာမန်ထက် တစ်ပတ် သို့မဟုတ် ၁၀ရက်ခန့် နောက်ကျဖွယ် ရှိနိုင်ပါတယ်။ မေ ၁၀ရက်နောက်ပိုင်းမှာ မုတ်သုံစပြီး ဝင်နိုင်တာမို့ မုတ်သုံ မဝင်မချင်း အပူချိန် အတန်အသင့်သာ ခံကြရမှာပါ။ ပြင်းထန်တဲ့ အပူချိန်တော့ မကျရောက်နိုင်ပါဘူး"ဟု ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က မြန်မာ့အလင်းသို့ ပြောကြားသွားပါကြောင်း မေးမြန်းဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၄-၄-၂၀၀၈
(ကြာသပတေးနေ့)
နံနက်ပိုင်း

၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော်၏ ဥပွာတသန္တိပါဠိတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ အတီးပြိုင်ပွဲ(စောင်း)
၇:၅၅ ၅။ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
၈:၁၀ ၆။ **ကြိုဆိုလျက်ပါ**
မင်းထက်ကျော်ဇင်၊ နေထူးနိုင်၊ နေယံ၊ မိုးယံဇွန်၊ နန်းဆုရတီစိုး၊ ဇင်ဇင်ဇော်မြင့်
ဒါရိုက်တာ-အောင်မိုး(ပဲရစ်)
၈:၃၀ ၇။ International News
၉:၀၀ ၈။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ လက်ဆင့်ကမ်းပေး ဂီတတေး (ဘင်ဂျို)
၄:၂၅။ ၃။ **ညော်မယ်ဗို့**
ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင်၊ ဂွမ်းပုံ
(ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၄:၃၅ ၄။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ရုက္ခဗေဒအထူးပြု) (ရုက္ခဗေဒ)
၅:၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၅:၂၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆:၀၀ ၈။ ညနေခင်းသတင်း
၆:၃၀ ၉။ မိုးလေဝသအခြေအနေ
၆:၄၀ ၁၀။ ကြည်နူးရှင်ပျော် တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်)
၆:၅၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **လေဒီယာနှင့်ဆုံစည်းခြင်း** (အပိုင်း-၂၃)
၇:၃၅ ၁၂။ စိတ်အားထက်သန် ဆန္ဒအမှန်
၈:၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆက်တိုင်း** (အပိုင်း-၁၆)
၁၇။ အစီအစဉ်ပြီး၏။

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တက္ကသိုလ် ၁၉၇၉ခုနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ၂၇ရက်(တနင်္ဂနွေနေ့) နံနက်၉နာရီတွင် တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများ ဦးထွန်းထွန်းဝေ ဖုန်း-၀၁-၂၉၉၀၈၅၊ ဦးအောင်ကျော်လှ ဖုန်း-၀၁-၇၀၉၀၉၄၊ ဦးဝင်းခိုင် ဖုန်း-၀၉-၅၁၆၀၀၆၉၊ ဦးတင်ဝင်း ဖုန်း-၀၁-၂၂၅၇၄၇၊ ဦးမင်းချစ်စိန် ဖုန်း-၀၁-၅၅၆၅၈၄ Ext: ၄၀၄၊ ဦးသိန်းလွင် ဖုန်း-၀၁-၂၉၉၅၁၉နှင့် ဦးလှမော် ဖုန်း-၀၉-၅၀၁၀၆၀၈တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

သစ္စာ၊ သမာဓိရှိသူတို့၏ အနာဂတ်နိုင်ငံတော်ဆီသို့

ယနေ့ မြန်မာနိုင်ငံသားတိုင်းကို မေးကြည့်ရင် ဒီမိုကရေစီရချင်တယ်၊ ဒီမိုကရေစီ ထွန်းကားပြန့်ပွားတာကို လိုလားတယ်လို့ ဖြေကြမှာ မလွဲဧကန်ပါပဲ။

ဒီမိုကရေစီဆိုတာ ဘာလဲ။ မူလပထမကတော့ လူတိုင်းပါဝင်ဆောင်ရွက်ခွင့် ရရှိခြင်းပဲဖြစ်တယ်။ အဲဒီလို ပါဝင်ဆောင်ရွက်ခွင့်ရရှိခြင်းဟာ နိုင်ငံသားတိုင်းရဲ့ မူလအခွင့်အရေးဖြစ်သလို တာဝန်လဲဖြစ်ပါပေတယ်။

လာမယ့် ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့မှာ မြန်မာနိုင်ငံသားတိုင်း ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကြီးမှာ ဥပဒေနဲ့အညီ မဲပေးခွင့်ရရှိကြတော့မှာဖြစ်တယ်။ မဲပေးခွင့်ရရှိခြင်းဟာ မိမိတို့ရဲ့ မူလအခွင့်အရေးများရဲ့ အဓိကအခွင့်အရေးကို အခြေခံကျကျ ရရှိလိုက်ခြင်းမည်တယ်။ တစ်နည်းဆိုရသော် မဲပေးခွင့်ရရှိခြင်းဟာ မိမိတို့ရဲ့ တာဝန်များအနက် မူလတာဝန်ကို အဓိပ္ပာယ်ရှိရှိ ထမ်းဆောင်ခြင်းလည်း မည်ပါတယ်။

ပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ မဲပေးပိုင်ခွင့်ရှိပါလျက်နဲ့ မဲသွားမပေးဘူး။ မဲပေးပင်ပေးသော်ငြား ထောက်ခံမဲမပေးဘဲ ကန့်ကွက်မဲပေးတယ်ဆိုရင် ဘာဖြစ်မလဲ။ ယနေ့လုပ်ရမယ့် အလုပ်ကို မနက်ဖြန်သို့ မရွှေ့ပါနဲ့ဆိုတဲ့စကား ရှိထားတယ် မဟုတ်လား။ တိုင်းပြည်အတွက်ရော၊ ကိုယ့်အတွက်ပါ အချိန်တွေကြန့်ကြာပြီး မိအေးနှစ်ခါနာဖြစ်သွားမှာ သေချာပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အခုပြည်လုံးကျွတ် ဆန္ဒခံယူပွဲမှာ ထောက်ခံဆန္ဒမဲအများစုနဲ့ အတည်ပြုရမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းဟာ တိုင်းပြည်အတွက်ရော၊ မိမိတို့အတွက်ပါ ဒီမိုကရေစီရရှိရေးနဲ့ ထွန်းကားပြန့်ပွားရေးကို အာမခံချက် အပြည့်အဝပေးထားလို့ပဲ ဖြစ်တယ်။

ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်မှသာ ပြည်သူ့ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ကို ပြောင်းလဲကျင့်သုံးနိုင်ပါလိမ့်မယ်။ ပြည်သူ့ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်ရဲ့ အခြေခံအုတ်မြစ်ဟာ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ပဲဖြစ်တယ်။ အခြေခံအုတ်မြစ်ရှိမှသာ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍအသီးသီးကို စိတ်တိုင်းကျ လုပ်ဆောင် မြှင့်တင်နိုင်ပါလိမ့်မယ်။

ဒါကြောင့်မို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ထောက်ခံအတည်ပြုခြင်းဟာ အခြေခံအုတ်မြစ်ပန္နက်တင်ပွဲမှာ နိုင်ငံသားတိုင်း တာဝန်ကိုယ်စီရှိကြသည်နှင့်အညီ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခြင်းပဲဖြစ်ပါတယ်။

အဲဒီလိုဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းကို ဘာကြောင့် **ထောက်ခံမဲပေးသင့်သလဲဆိုတာ မေးစရာဖြစ်လာပါလိမ့်မယ်။ အလွယ်ဆုံးနဲ့အရိုးရှင်းဆုံးအဖြေကတော့ အခြေခံဥပဒေမရှိဘဲ အုပ်ချုပ်ခံနေရတာထက် အခြေခံဥပဒေရှိပြီး အဲဒီအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်ခံရတာကပိုပြီး ဒီမိုကရေစီနည်းလမ်းကျလို့ပါပဲ။ အဲဒီ အခြေခံဥပဒေဟာမည်သူ့ကိုမဆို ဥပဒေအရာမှာ တန်းတူညီမျှအခွင့်အရေးရရှိအောင် ဖော်ဆောင်ပေးထားလို့လည်းဖြစ်တယ်။ အဲဒီ အခြေခံဥပဒေဟာ မည်သူ့ကိုမဆို ဥပဒေအကာအကွယ်ကို တန်းတူညီမျှစွာ ပေးထားလို့ပဲ ဖြစ်တယ်။**

ခုဆိုရင် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းစာအုပ်ကို တစ်ပြည်လုံးမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာဖတ်ရှုနိုင်အောင် ပုံနှိပ်ဖြန့်ချိပေးထားပါတယ်။ အခြေခံဥပဒေလို့ဆိုတဲ့အတွက် ဥပဒေဝေါဟာရတွေကို ခက်ခက်ခဲခဲ အဓိပ္ပာယ်ဖွင့်ဆိုရလောက်အောင် ရေးထားမယ်လို့ ထင်စရာရှိပါတယ်။ လက်တွေ့လေ့လာဖတ်ရှုတဲ့အခါမှာ မြန်မာစာဖတ်တတ်သူတိုင်း နားလည် သဘောပေါက်အောင် ရှင်းရှင်းလင်းလင်း ရေးသားဖော်ပြထားတာ တွေ့နိုင်ပါတယ်။

အဲဒီ အခြေခံဥပဒေမူကြမ်းမှာ နိဒါန်းနဲ့ အခန်း ၁၅ခန်း ပါဝင်ပါတယ်။ အခြားအခန်းတွေ မဖတ်သေးဘဲ အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်းကို ဖတ်ကြည့်ရုံနဲ့ မိမိကိုယ်ကို အဓိပ္ပာယ်ရှိသောလူ၊ လူချင်းတူတူ သူချင်းမျှမျှ ဒီမိုကရေစီအခွင့်အရေး ရတဲ့ နိုင်ငံသား၊ ကျောသားရင်သားမခွဲခြားဘဲ တန်းတူညီမျှအခွင့်အရေးရတဲ့ တိုင်းရင်းသားအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်မှာ ဖြစ်ပါတယ်။

အခန်း(၈)ကို ဖတ်ပြီးလို့ အချိန်ရရင် အခန်း(၁)နိုင်ငံတော်အခြေခံမူများအခန်းကိုလည်း လေ့လာစေချင်ပါတယ်။ အနာဂတ်နိုင်ငံတော်ကို အခန်း(၁)ပါ အခြေခံမူများနဲ့အညီ တည်ဆောက်မြှင့်တင်သွားမှာဖြစ်ပါတယ်။ အဲဒီအခန်းမှာ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီကျင့်သုံးမှု၊ ပြည်ထောင်စုစနစ်ဖြင့် ဖွဲ့စည်းတည်ဆောက်မှု၊ ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်မှု၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကျင့်သုံးမှု စတဲ့ တောင့်တင်း ခိုင်မာတဲ့ အခြေခံမူတွေကို လေ့လာတွေ့ရှိရမှာဖြစ်ပါတယ်။

မူကြမ်းတစ်အုပ်လုံးကို ဖတ်ရှုပြီးရင် အခု အခြေခံ ဥပဒေဟာ တိုင်းရင်းသား (နိုင်ငံသား)တိုင်းအတွက် မူလအခွင့်အရေးနဲ့ အခြားအခွင့်အရေးတွေကို ၁၀၀ရာခိုင်နှုန်း (ရာနှုန်းပြည့်) ပေးအပ်ထားတဲ့ အသင့်လျော်ဆုံး အခြေခံဥပဒေဖြစ်ကြောင်း တွေ့ရှိရပါလိမ့်မယ်။

တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေတာတို့၊ ရွေးချယ်ခံကိုယ်စားလှယ် ၇၅ ရာခိုင်နှုန်းပဲ ပါဝင်နေတာတို့ ဆိုတာက အာဏာကို မောင်ပိုင်စီးချင်တဲ့ နိုင်ငံရေးသမားတွေရဲ့ သွေးထိုးလှုံ့ဆော်တဲ့ စကားတွေသာဖြစ်ကြောင်းလည်း ဆင်ခြင်သုံးသပ်နိုင်ပါလိမ့်မယ်။

ဘာကြောင့်လဲဆိုတော့ တပ်မတော်သားကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း ပါဝင်နေခြင်းဟာ အရွေးချယ်ခံမဟုတ်တာကလွဲလို့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာ ကျင့်သုံးရာမှာ တိမ်းစောင်း ချွတ်ချော်မှုတွေရှိလာခဲ့ရင် ပြည်သူလူထုကိုယ်စား ပါဝင်ထိန်းညှိပေးဖို့သာ ဖြစ်နေလို့ပါပဲ။

အငြိမ်းစားဝန်ထမ်းတစ်ဦး

အခု အခြေခံဥပဒေရဲ့ အဓိကအကျဆုံးအနှစ်သာရကတော့ ပါတီစုံ ဒီမိုကရေစီစနစ်ကို စစ်မှန်စွာနဲ့ စည်းကမ်းပြည့်ဝစွာ ကျင့်သုံးနိုင်အောင် ဖော်ဆောင်ပေးထားခြင်းဖြစ်ပါတယ်။ ဒါဟာ နိုင်ငံသားတိုင်းအတွက် အနာဂတ်အရေး ထာဝစဉ် စိတ်အေးရမယ့် ဖော်ဆောင်မှုဖြစ်တယ်။

ဟိုယခင် ၁၉၄၇ ခုနှစ် အခြေခံဥပဒေအရ ပါလီမန် ဒီမိုကရေစီစနစ်ကျင့်သုံးခဲ့စဉ်ကလို နိုင်ငံရေးပါတီတွေရဲ့ အာဏာရယူလိုမှုပြဿနာမျိုး၊ ၁၉၇၄ ခုနှစ် အခြေခံဥပဒေအရ တစ်ပါတီစနစ်ကျင့်သုံးခဲ့စဉ်ကလို ပါတီတစ်ခုတည်းရဲ့ အာဏာချုပ်ကိုင်ထားမှုပြဿနာမျိုး လုံးဝမပေါ်ပေါက်အောင် ဖော်ဆောင်ပေးထားကြောင်း သုံးသပ်တွေ့ရှိရပါလိမ့်မယ်။

နိုင်ငံတော် အချုပ်အခြာအာဏာရဲ့ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတွေကို တပ်မတော်ကလည်း ထိန်းချုပ်ထားတာမျိုး လုံးဝမရှိပါဘူး။ အဲဒီ အာဏာသုံးရပ်ဟာ နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်နေတာ ဖြစ်ပါတယ်။ အဲဒီ အာဏာသုံးရပ်ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲစေပြီး အချင်းချင်း အပြန်အလှန်ထိန်းညှိတဲ့စနစ် ကျင့်သုံးဖော်ဆောင်ထားတာ တွေ့ရပါလိမ့်မယ်။

နိုင်ငံခြားရေးမူဝါဒနဲ့ ပတ်သက်ပြီး ဒွိဟပွားစရာများလည်း မရှိပါဘူး။ နိုင်ငံတော် အခြေခံမူများအခန်းမှာ-

၄၁။ နိုင်ငံတော်သည် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးသည်။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံရေးကို ရှေးရှုသည်။ နိုင်ငံအချင်းချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူများကို စောင့်ထိန်းသည်။

၄၂။ (က) နိုင်ငံတော်သည် မည်သည့်နိုင်ငံကိုမျှ စတင်ကျူးကျော်တိုက်ခိုက်ခြင်းမပြု။

(ခ) နိုင်ငံတော်အတွင်း မည်သည့်နိုင်ငံခြား တပ်ဖွဲ့ကိုမျှ တပ်ချခွင့်မပြုလို့ ပြဋ္ဌာန်းထားတာကို တွေ့ရှိနိုင်ပါတယ်။

မလိုသူတွေက ဘယ်လိုပဲပြောပြော မြန်မာတို့ရဲ့ နိုင်ငံခြားရေးဝါဒကို ကမ္ဘာက လေးစားလျက်ရှိနေပါတယ်။ ၁၉၇၁ခုနှစ် နိုဝင်ဘာ၁ရက်နေ့ထုတ် လန်ဒန်တိုင်းမ်သတင်းစာ အယ်ဒီတာ့အာဘော်မှာ အခုလို ရေးသားဖော်ပြခဲ့ကြောင်း လေ့လာသိရှိခဲ့ဖူးပါတယ်-

"အာရှတိုက်မှ နိုင်ငံတစ်နိုင်ငံအနေဖြင့် ဘက်မလိုက်သော ဝါဒကို ကျင့်သုံးသဖြင့် ဆုရထိုက်သည်ဆိုလျှင် ထိုနိုင်ငံသည် မြန်မာနိုင်ငံသာ ဖြစ်ပေလိမ့်မယ်။ စစ်အေးတိုက်ပွဲအရှိန် အထွတ်အထိပ်သို့ ရောက်ရှိခဲ့စဉ် ဟိုဘက် သည်ဘက်မှ ၎င်းတို့၏ ဩဇာကို လက်ခံလာစေရန်အတွက် တံစိုးလက်ဆောင်များ၊ လာဘ်များ ပေးခဲ့စဉ်ကလည်း မမှုခဲ့ဘဲ ကြံ့ကြံ့ခံခဲ့သော မြန်မာတို့သည် ကမ္ဘာနှင့် ခြိုးကြည့်မည်ဆိုလျှင် ယခုအခါ ဆင်းရဲနေသေးသော်လည်း သစ္စာ၊ သမာဓိရှိသူများသာ ဖြစ်ကြပေသည်"

မြန်မာနိုင်ငံသားတွေကို သစ္စာ၊ သမာဓိရှိသူများလို့ ကမ္ဘာက မြင်ထားပါတယ်။ အဲဒီသစ္စာ၊ သမာဓိဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်မှု၊ လွတ်လပ်ရေးကို မြတ်နိုးမှု၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားမှု၊ နယ်ချဲ့စွက်ဖက်မှုနဲ့ နယ်ချဲ့ဩဇာခံအဖြစ်ကို မလိုလားမှု၊ ရုပ်သေးအစိုးရကို လက်မခံလိုမှုတွေကနေ မြစ်ဖျားခံလာတဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်ပဲဖြစ်ပါတယ်။

ဒါကြောင့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ နိုင်ငံသားတိုင်း သစ္စာ၊ သမာဓိရှိစွာ ဖွဲ့စည်းပုံ အခြေခံဥပဒေအတည်ပြုရေးအတွက် တစ်ခဲနက်ထောက်ခံမဲပေးကြမယ်လို့ ယုံကြည်လျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ဖွဲ့စည်းပုံ အခြေခံဥပဒေကို အတည်ပြုနိုင်မှသာ ပြည်သူ့ ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်ကို ပြောင်းလဲ ကျင့်သုံးနိုင်ပါလိမ့်မယ်။ ပြည်သူ့ ဒီမိုကရေစီ အုပ်ချုပ်ရေး စနစ်ရဲ့ အခြေခံ အုတ်မြစ်ဟာ ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ပဲ ဖြစ်တယ်။ အခြေခံအုတ်မြစ်ရှိမှသာ အပေါ်ထပ် အဆောက်အအုံဖြစ်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစတဲ့ ကဏ္ဍ အသီးသီးကို စိတ်တိုင်းကျ လုပ်ဆောင် မြှင့်တင်နိုင်ပါလိမ့်မယ်။

ဒါကြောင့်မို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲမှာ ဖွဲ့စည်းပုံအခြေခံဥပဒေ မူကြမ်းကို ထောက်ခံအတည်ပြုခြင်းဟာ အခြေခံအုတ်မြစ် ပန္နက်တင်ပွဲမှာ နိုင်ငံသားတိုင်း တာဝန်ကိုယ်စီရှိကြသည်နှင့်အညီ တာဝန်ကျေပွန်အောင် ဆောင်ရွက်ခြင်းပဲ ဖြစ်ပါတယ်။

● အခြေခံဥပဒေ အတည်ပြုရေး မဲရုံသွား၍ ထောက်ခံမဲပေး။

စစ်ကိုင်းမြို့နယ် ဆားတောင် သီတဂူဗြဟ္မာယုဆေးရုံတော်ကြီး တည်ဆောက်နေပြီ

သတင်းမှတ်စု - သုတေသီထွန်းသိန်း **စာမျက်နှာအပြင်အဆင် - ထိန်လင်း**

ဆားတောင်ဟူသည်မှာ အမရပူရ ခေတ် ဘိုးတော်ဗဒုံမင်း လက်ထက် ထင်ရှားကျော်ကြားသော ဒုတိယ နဝဒေး စာဆိုတော်ကြီး၏ ဇာတိမြေ အဖြစ် ထင်ရှားသည်။ တည်နေရာ မှာ စစ်ကိုင်း-ရွှေဘိုသွား ကားလမ်း မကြီးပေါ်တွင် ထင်ရှားစည်ကား ရောင်းဝယ်ကာ အချက်အချာကျသော နေရာတွင်တည်ရှိပြီး ကျေးရွာပေါင်း များစွာနှင့် ခန့်မှန်းလူဦးရေ ၁၅၀၀၀၀ ခန့် မှီတင်းရာနယ်မြေလည်းဖြစ်သည်။ ထို့ကြောင့် အခြေခံပညာအထက်တန်း ကျောင်း၊ ဖုန်းရုံနှင့်ဈေးကြီး စသည် ဖြင့် ပြည့်စုံလျက် ရှိသော်လည်း တိုက်နယ်ဆေးရုံကြီး မရှိ ဖြစ်ခဲ့ရ သည်။ ဆားတောင်သည် စံပြ ကျေးရွာကြီး ဖြစ်သည်။

ဆန္ဒထက်သန်

ဆားတောင် စံပြကျေးရွာ ဇုန် နေရာတွင် ဆေးရုံကြီးပေါ်ထွက်လာ ပါလျှင် ''ရွှေနှင့်မြ''၊ ''နေနှင့်လ'' ပမာနှင့် ''ရေနှင့်ကြာ'' ပမာတင့်တယ် ကာ ကုမုဒြာကြာပွင့်အလား အေးမြ ကြည်သာ ဝေဖြာမည်သာ ဖြစ်ပေ သည်။ ထိုသို့သော အခြေအနေကို ဆားတောင်စံပြကျေးရွာရှိ ဂန္ဓာမြိုင် စံပြ ပရဟိတဆရာတော် ဘဒ္ဒန္တနန္ဒာ သဘ (ဓမ္မကထိက ဗဟုဇန ဟိတ ဓရ) ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံယူ တော်မူသည့် ဆရာတော်ကြီးက ဆားတောင် စံပြ ကျေးရွာတွင် ဆေးရုံတော်ကြီး တည်ဆောက်ရန် အာသာဆန္ဒ ထက်သန်လျှမ်းလျှမ်း စေတနာစွမ်းဖြင့် အာယုဒါန ပေး၍ ဆေးရုံကြီးတစ်ရုံ တည်ဆောက်ရန် ဆုံးဖြတ်တော်မူလျက် သီတဂူကမ္ဘာ့ ဗုဒ္ဓတက္ကသိုလ် အဓိပတိနာယက အဂ္ဂ မဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက မဟာဓမ္မကထိကဗဟုဇန ဟိတဓရ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တ ဉာဏိသရ ဆရာတော်ကြီးထံ သွား ရောက်တိုင်ပင်တော်မူရာတွင် ''**သီတဂူ ဆရာတော်ကြီးက ဝမ်းမြောက် ဝမ်းသာစွာဖြင့် ဆေးရုံကြီးသာ တည် ဆောက်ပါ၊ အင်ဂျင်နီယာ ပုဂ္ဂိုလ် တွေခေါ်ပြီး ဆေးရုံဒီဇိုင်း၊ အကွက် ချခန်းအစုံအလင် ဘုန်းကြီးက ပေး မယ်။ ဆေးရုံကို ခုတင်(၄၀)ဆံ့တည် ဆောက်ပါ၊ ဘုန်းကြီးက ပြီးစီးလျှင် ဆေးရုံအပြည့် ခေတ်မီ ဓာတ်မှန်၊ ကုသဆောင်သုံး၊ ကုသခုတင်မှ စပြီး အပြည့်အစုံ ပေးမယ်ကိုယ်တော်**'' ဟူ၍ မိန့်ကြားကြောင်းကို စာရေးသူ ဆရာတော်ကျောင်း ရောက်ရှိစဉ်၂၀၀၈ ဖေဖော်ဝါရီလက မိန့်ကြားတော်မူ သဖြင့် ဝမ်းမြောက်စွာ သာဓုအကြိမ် ကြိမ် ဝမ်းဆီထိမျှ ဖြစ်ရပေသည်။ ဆေးရုံကြီးအမည်ကို''**သီတဂူဗြဟ္မာယု ဆေးရုံကြီး**''ဟု အမည်ပေးထားသည်။ သံဃာ့ဆေးရုံ၊ ပြည်သူ့ဆေးရုံကြီး အဖြစ် တည်ဆောက်ရန်အတွက် ပဏာမအဖြစ် ၇-၁-၂၀၀၄ရက်တွင် သီတဂူဗြဟ္မာယု ဆေးရုံကြီး ပန္နက်တင် အခမ်းအနား ကျင်းပခဲ့သည်။

ဒေါက်တာဆန်းထွန်းဦး-ဒေါ်နေနွယ်ဝင်း (စိန်တက်လူ ကြက်စာ ရောင်းဝယ်ရေး၊ မန္တလေးမြို့)က စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာ ခုတင်(၄၀)ဆံ့ ကိုယ့်အားကိုယ်ကိုး သီတဂူဗြဟ္မာယုဆေးရုံကြီးအတွက် အလှူငွေ ကျပ်ငါးသိန်းကို ဥက္ကဋ္ဌဆရာတော် ဆားတောင် မဇ္ဈိမာရုံ ကျောင်းတိုက်နှင့် အကျိုးတော်ဆောင် ဂန္ဓာမြိုင် စံပြပရဟိတဆရာတော် များထံ ဆက်ကပ်လှူဒါန်းစဉ်။

၂၀၀၇ခုနှစ် နိုဝင်ဘာ ၂၃ရက်က မုံရွာမြို့ စိန်ရွှေရတနာ သိန်းတစ်ရာ ရောင်းဝယ်ရေးပိုင်ရှင် ဆရာဦးချစ်လှိုင် က စာရေးသူသွားလိုသော ဆားလင်း ကြီးမြို့ တောင်ပေါ်ကျောင်းတိုက် (ဆားလင်းကြီးငွေးလွှင်) အဂ္ဂမဟာ ပဏ္ဍိတထေရ်မြတ်၏ ဇကျ၀ကျော် သစ်တောကြီး အလယ်ကျောင်းတော် သို့ ပို့ဆောင်ပေးခဲ့သည်။

ထိုအခါ ဆရာတော်က သီတဂူ ဆရာတော်ကြီး ဆားလင်းကြီးဆေးရုံ အတွက် ခေတ်မီ ဆေးကုဓာတ်မှန်မှ စပြီး သိန်းပေါင်း ၉၁သိန်းကျော် တန်ဖိုးရှိ ပစ္စည်းစုံ ပေးအပ်ကြောင်း။ စာရင်းဇယားပြရာတွင်၂၀၀၀ပြည့်နှစ် မှ၂၀၀၇ခုနှစ်အတွင်း ဝေးလံကျေးလက် နယ်ဖျား ကျန်းမာရေးဆေးရုံ ၁၂၅ခန သို့ ဆေးရုံသုံးကိရိယာ တန်ဆာပလာ သိပ္ပံပစ္စည်းများ ပေးလှူပုံ စာရင်းပါ တွေ့ရပြီး အံ့ဩမကုန် ကိန်းဂဏန်းချ၍ ပင် ခဲယဉ်းလှသော အခြေအနေသိရ သည်။

အံ့ဩမခန်းတွေ့ရ

ဆေးရုံသို့ သွားရောက်ပြသကြည့် ရှုအံ့ဩရပြန်သည်။ ဓာတ်မှန်၊ တစ်ခါ မျှ ပြန်မထည့်ရသော အောက်ဆီဂျင် ဘူး၊ ခွဲစိတ်ကိရိယာ၊ ခွဲစိတ်ခုတင်၊ စမ်းသပ် စက်ကိရိယာ အစုံအလင် အံ့ဩမခန်းတွေ့ရသည်။ သီတဂူဆရာ တော်ကြီးက ဆားတောင်ဆေးရုံအတွက် ဆေးရုံနှင့်အပြည့် ခေတ်မီဆေးကုသ ကိရိယာ စုံလင်စွာ ကျပ်သိန်းပေါင်း သုံးသောင်းကျော် တန်ဖိုးရှိ ပစ္စည်း များ ဖြစ်သည်ကို ပေးလှူရန်အသင့် သီးခြားရှိကြောင်း မိန့်ကြားတော်မူ သည်။

ဂန္ဓာမြိုင်စံပြ ပရဟိတ ဆရာ တော်မှာ ၁၉၈၁ခုနှစ်မှ စတင်ပြီး တိုင်းရင်းသားစုံ ကလေးများ ၅၀ကို စောင့်ရှောက် ကူညီဖေးမပြုစုတော်မူ သည့် ပရဟိတ ဆရာတော်လည်း ထင်ရှားသည်။ သီတဂူဗြဟ္မာယု ဆေးရုံကြီး ၂၀၀၉ခုနှစ် ပြီးမြောက် စေရန် ဆရာတော်ကြီးက နယ်မြေ များစွာတရားဟောကြားတော်မူသည်။ မန္တလေး မလွန်ဆန်လှူ အသင်းကြီး အတွက်လည်း နှစ်ပေါင်း၂၅နှစ်ကျော် တရားဟောကြားတော်မူသည့် ပုဂ္ဂိုလ် ကျော်ဖြစ်သည်။ သိန်းတစ်ထောင် ကျော်ခန့် ပြည်သူအပေါင်း လှူဒါန်း ငွေဖြင့် ယခုအခါ သံဒိုင်း၊ သံမြား တန်းတို့နှင့် တည်ဆောက်လျက်ရှိပြီး နောက်ထပ် ကျပ်သိန်း နှစ်ထောင် ကျော် လိုအပ်လျက်ရှိသည်။

ဆောက်လုပ်ဆဲ စစ်ကိုင်းမြို့နယ် ဆားတောင်စံပြကျေးရွာ ခုတင်(၄၀) ဆံ့ သီတဂူဗြဟ္မာယုဆေးရုံကြီးကို ၂၀၀၈ခုနှစ် မတ်လဆန်းက ဤသို့ တွေ့ခဲ့ရသည်မှာ....။

အချက်အချာဇုန်

စစ်ကိုင်းနယ်၊ ဝက်လက်နယ်၊ အရာတော်နယ်၊ မြင်းမူနယ်တို့၏ အချက်အချာ ဇုန်နေရာ ဖြစ်လျက် ဆားတောင်မှ စစ်ကိုင်းသည့်၂၇မိုင်၊ ရွာသစ်ကြီး တိုက်နယ်ဆေးရုံမှာ ၁၉ မိုင် အလှမ်းဝေးနေသည်။

ထူးမြတ်ပရဟိတ

ထို့အပြင်ဘုရားရှင်က ''အာရောဂျ ပရမာလာဘာ''ဟု ဟောကြားတော် မူရခြင်းက ''ကျန်းမာခြင်းသည် လာဘ်တစ်ပါး''ဆိုသည့်အတိုင်း မိမိ တို့ကျန်းမာရေးဂရုပြုကြပြီး ထူးမြတ် ပရဟိတအကျိုး သယ်ပိုးကြလျက် အထူးလိုအပ်နေသည့် ဆားတောင် သီတဂူဗြဟ္မာယုဆေးရုံကြီး ၂၀၀၉ ခုနှစ်၌ ပြီးစီးပေါ်ထွက် ကုသနိုင်ရန်၊ ဝိုင်းဝန်းလှူဒါန်းကြစေရန် တိုက်တွန်း နှိုးဆော်လိုက်ရပါသည်။ ။

မှော်ဘီမြို့နယ် လှော်ကားဥယျာဉ်လမ်းရှိ နှစ်ကျိပ်ရှစ်ဆူစေတီတော်မြတ်ကြီး ရွှေထီးတော်တင်

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီ မြို့နယ် လှော်ကားဥယျာဉ်လမ်းတွင် ရဟန်း ရှင်လူ အများပြည်သူ ကြည်ညို သဒ္ဓါပွားများနိုင်စေရန် ဆရာတော်ကြီး အရှင်ဂန္ဓသာရ၏ ဩဝါဒကို ခံယူ၍ နှစ်ကျိပ်ရှစ်ဆူစေတီတော် ဖြစ်မြောက်ရေး ကော်မတီက ဦးဆောင်ကာ နှစ်ကျိပ်ရှစ်ဆူ စေတီတော်မြတ်ကြီးနှင့် သိကြားမင်း စမဘွဲ့ရ နှစ်ကျိပ်ရှစ်ဆူစေတီတော်များ ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနား များကို ဧပြီ ၂၀ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲက စေတီတော်မြတ်ကြီး၏ ပုရိဝုဏ်အတွင်း ကျင်းပသည်။ **(အပေါ်ပုံ)**

လျှောက်ထား

ရှေးဦးစွာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဘုရားကြီး ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇနိန္ဒ ဆရာတော်ထံမှ ပရိသတ်များက သီလခံယူ ဆောက်တည်ကြသည်။ ဆက် လက်၍ စေတီတော်ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်သန်းက သာသနာရေး ဆိုင်ရာ လျှောက်ထားလွှာအား ဖတ်ကြား သည်။

ဆက်လက်၍ စေတီ၏ စိန်ဖူးတော်၊ ငှက်မြတ်နားတော်၊ ဖွန်းလေးဘုံ၊ ဆပ်သွား ဖူးတော်၊ ပင်မစေတီရွှေထီးတော် ဘုံခုနစ် ဆင့်နှင့် သိကြားမင်းစမဘွဲ့ရ နှစ်ကျိပ် ရှစ်ဆူစေတီတော်များ၏ ထီးတော်များအား ပင်မစေတီတော်မြတ်ကြီးကို လက်ယာရစ် သုံးကြိမ် ရာဇာဝင်း၊ ဒေဝါဝင်းခင်း၍လှည့် လည် ပူဇော်သည်။

တင်လှူပူဇော်

ထို့နောက် မဟာမင်္ဂလာ ရထားပျံ မဏ္ဍပ်သို့ ပင့်ဆောင်ပြီး မင်္ဂလာအချိန်တွင် ဆရာတော် အရှင်ဂန္ဓသာရ အမှူးပြုသော သံဃာတော်များနှင့် အလှူရှင်များက စိန်ဖူး တော်၊ငှက်မြတ်နားတော်၊ ဖွန်းလေးဘုံ၊ ဆပ်သွားဖူးတော်၊ ပင်မရွှေထီးတော် ဘုံ ခုနစ်ဆင့်တို့ကို တပ်မတော်(လေ) မြလေ ယာဉ် ကုသိုလ်ဖြစ် ထီးတော်တင်ယာဉ် ဖြင့် တင်လှူပူဇော်ကြသည်။ တစ်ချိန် တည်းမှာပင် နှစ်ကျိပ်ရှစ်ဆူစေတီတော် များ၏ ရွှေထီးတော်များ တင်လှူကြပြီး အခမ်းအနား အောင်မြင်စွာ ပြီးဆုံးသည့် အထိမ်းအမှတ် အဖြစ် ရွှေမိုး ငွေမိုးများ ရွာသွန်းကြသည်။

(က-ပ)

လမ်းမတော်မြို့နယ် ပြည်လုံးချမ်းသာ မဟာဝါဠုကစေတီတော်ဘက်စုံပြုပြင် ရေးအတွက် အလှူငွေပေးအပ်ပွဲကို မြန်မာနှစ်ဆန်းတစ်ရက်က ကျင်းပရာ ဦးမျိုးနိုင်- ဒေါ်နီနီတင့်၊ သားဟိန်းထက်၊ သမီးစန်းမြတ်ထက်မိသားစု အမှတ် ၃၀ ၃လွှာ ၁၀လမ်း လမ်းမတော်မြို့နယ်မှ အလှူငွေကျပ် ၁၁သိန်းပေးအပ်လှူဒါန်းရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်ဇော်နှင့်စေတီတော် စောင့်ရှောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးတင်ဆွေအောင်တို့ လက်ခံယူကြစဉ်။ (၁၀၄)

တန့်ကြည့်တောင် ဝိပဿနာရိပ်သာ(ရန်ကုန်) အဓိဋ္ဌာန်ပွဲ

ရန်ကုန် ဧပြီ ၂၃

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ တန့်ကြည့်တောင် ဆရာတော်ကြီးသည် တန့်ကြည့် တောင် ဝိပဿနာရိပ်သာ(ရန်ကုန်)သို့ ကြွရောက်ပြီး အကြိမ်(၃၀)မြောက် သတိပဋ္ဌာန် ဝိပဿနာ ခုနစ်ရက် အဓိဋ္ဌာန်ပွဲကို ပထမပတ် မေ ၁၂ရက် ညနေမှ ၁၉ရက် နံနက်အထိ၊ ဒုတိယပတ် ၁၉ရက် ညနေမှ မေ ၂၆ရက် နံနက်အထိ၊ တတိယပတ် မေ ၂၆ရက် ညနေမှ ဇွန်၁ရက် နံနက်အထိ ဟောကြားပြသမည်ဖြစ်ရာ တရားအားထုတ်လိုကြသူများ သည် ကပ္ပိယကာရကအဖွဲ့ရုံး(ရန်ကုန်) ဖုန်း-၆၃၈၀၈၈နှင့် ကပ္ပိယကာရက အဖွဲ့ဝင် များထံ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

24-4 (11).pmd 1 4/24/2008, 1:14 AM

မြန်မာ့ကြိုးဆွဲရုပ်သေးပညာရပ်ကို နိုင်ငံတကာက စိတ်ဝင်စားခဲ့သည့် အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်

တွေ့ဆုံမေးမြန်းသူ-မိုးမြင့်လင်းလက်၊ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဧပြီ ၂၃

မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာတစ်ရပ်ဖြစ်တဲ့ ကြိုးဆွဲရုပ်သေးပညာ မတိမ်ကော၊ မပပျောက်အောင် မြန်မာ့ရုပ်သေးပညာရှင်တွေက ကြိုးစားဆောင်ရွက်နေသလို နိုင်ငံတကာကို ပြန့်ပွားအောင်လည်း အင်တိုက်အားတိုက် ဖော်ဆောင်နေပါတယ်။

တွေ့ဆုံမေးမြန်း

ဒီလိုဆောင်ရွက်တဲ့နေရာမှာ မကြာမီကကျင်းပခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်ကို မြန်မာနိုင်ငံမှ ရုပ်သေးပညာရှင်တစ်ဦးအနေနဲ့ သွားရောက်ခဲ့တဲ့ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးရဲဒွေးနဲ့တွေ့ဆုံပြီး မေးမြန်းခဲ့ပါတယ်။

“အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်ကို ဩစတြေးလျနိုင်ငံ ပတ်သ်မြို့မှာ ဧပြီ၂ရက်မှ ၁၂ရက်အထိ ကျင်းပခဲ့တာဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ ရုပ်သေးအသင်း(ယူနီမာ)ရဲ့ ဖိတ်ကြားချက်အရ သွားရောက်ခဲ့တာဖြစ်ပါတယ်။ ဒီပွဲတော်ဟာ ယူနီမာရဲ့ အကြိမ်(၂၀)မြောက် ညီလာခံနဲ့ အပြည်ပြည်ဆိုင်ရာရုပ်သေးပွဲတော်ဖြစ်ပြီး နိုင်ငံပေါင်း ၅၀ ကျော်က ကိုယ်စားလှယ်နဲ့ လေ့လာသူ ၁၀၀၀ ကျော် တက်ရောက်ခဲ့ကြပါတယ်”လို့ ဦးရဲဒွေးက စတင်ပြောကြားပါတယ်။

ကျင်းပနိုင်

အပြည်ပြည်ဆိုင်ရာရုပ်သေးအသင်း(ယူနီမာ)ကို ယခုအခေါ် ချက်နိုင်ငံ ပါရပ်မြို့တော်မှာ ၁၉၂၉ခုနှစ်က စတင်ထူထောင်ခဲ့တာဖြစ်ပြီး ယူနီမာရဲ့အကြိမ်(၂၀)မြောက် ညီလာခံနဲ့ အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်အထိ ရုပ်သေးပညာရပ်နဲ့ ပတ်သက်ပြီး မပြတ်တမ်း ကျင်းပနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကျယ်ကျယ်ပြန့်ပြန့်

အခုလို အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်ကို တက်ရောက်ရတဲ့ရည်ရွယ်ချက်အပေါ် မေးမြန်းတဲ့အခါ **“မြန်မာ့ကြိုးဆွဲရုပ်သေးပညာကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့် သိရှိအောင် ပြသချင်လို့ဖြစ်တဲ့အပြင် နိုင်ငံအသီးသီးမှာရှိနေကြတဲ့ ရုပ်သေးပညာရပ်တွေကို လေ့လာနိုင်ဖို့အတွက်ဖြစ်တယ်”**လို့ ရုပ်သေးပညာရှင် ဦးရဲဒွေးက ရှင်းပြပါတယ်။

ဒါ့အပြင် ဒီပွဲတော်မှာ မြန်မာ့ကြိုးဆွဲရုပ်သေးကို ငါးကြိမ်ကြိုးဆွဲကပြခဲ့ပြီး အကတွေကတော့ မြင်း၊ မျောက်၊ ဘီလူး၊ ဂဠုန်-နဂါး၊ သူငယ်တော်၊ ဇော်ဂျီနဲ့ မင်းသား မင်းသမီး နှစ်ပါးသွားအကတွေကို ကြိုးဆွဲကပြခဲ့ကြောင်း၊ ဂဠုန်-နဂါးနဲ့ မင်းသား မင်းသမီးအကတွေကို မိမိတစ်ဦးတည်းနဲ့ ရုပ်သေးနှစ်ရုပ်ကို ဆွဲပြခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ရုပ်သေးကို မြင်တွေ့လိုက်တာနဲ့ နိုင်ငံတကာက ကိုယ်စားလှယ်တွေ အလွန်စိတ်ဝင်စားကြကြောင်းဖြင့်လည်း မြန်မာ့အလင်းကို ဆက်လက်ရှင်းပြပါတယ်။

အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်နှင့် အကြိမ် (၂၀)မြောက် ယူနီမာ ညီလာခံသို့ မြန်မာ့ရုပ်သေး ပညာရှင် ဦးရဲဒွေး ဤသို့တက်ရောက်ခဲ့သည်။

အသိအမှတ်ပြု

မြန်မာ့ကြိုးဆွဲရုပ်သေးပွဲကို ဩစတြေးလျနိုင်ငံ ပတ်သ်မြို့မှာရှိတဲ့ အမျိုးသားစာကြည့်တိုက်ခန်းမနဲ့ ပတ်သ် မြို့တော်ခန်းမတွေမှာ ငါးကြိမ်ကြိုးဆွဲကပြခဲ့တဲ့အပြင် ဩစတြေးလျ ရုပ်သေးပညာရှင်နှစ်ဦးက မြန်မာ့ကြိုးဆွဲရုပ်သေးကို နှစ်သက်စိတ်ဝင်စားတာမို့ လေးရက်ခန့် သင်ကြားပေးခဲ့ရတယ်လို့ ဦးရဲဒွေးက ပြောပြပါတယ်။ ဒါ့အပြင် မြန်မာ့ကြိုးဆွဲရုပ်သေးပညာရပ်နဲ့ပတ်သက်ပြီး ဟောပြောဆွေးနွေးတဲ့အခါ မြန်မာ့ကြိုးဆွဲရုပ်သေးပညာဟာ ခက်ခဲနက်နဲပြီး အနည်းဆုံး ခြောက်နှစ်ခန့်သင်ယူလေ့လာမှ ပညာရှင်တစ်ဦး ဖြစ်လာနိုင်ကြောင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ဟောပြောခဲ့တာကြောင့် ဒီညီလာခံနဲ့ ပွဲတော်ကို တက်ရောက်လာတဲ့ကိုယ်စားလှယ်တွေရဲ့ ဟောပြောချက်တွေထဲမှာ စိတ်ဝင်စားစရာနဲ့ နှစ်သက်စရာအကောင်းဆုံးအဖြစ် အသိအမှတ်ပြုခြင်းလည်း ခံခဲ့ရပါတယ်။

ယဉ်ကျေးမှုအနုပညာ

ယူနီမာဟာ ကမ္ဘာပေါ်မှာ နိုင်ငံရေးလုံးဝကင်းရှင်းတဲ့ ယဉ်ကျေးမှုအနုပညာအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အခုအချိန်မှာ နိုင်ငံအလိုက် အမျိုးသားယူနီမာအသင်းတွေ ၆၇ခုခန့် ရှိနေပြီး ကော်မရှင်အဖွဲ့တွေအဖြစ် စာအုပ်နဲ့ ဂျာနယ်များ ထုတ်ဝေရေး ကော်မရှင်၊ လေ့ကျင့် ပညာပေးရေးကော်မရှင်၊ အသင်းဖွဲ့စည်းမှုဆိုင်ရာ ရေးဆွဲရေး ကော်မရှင်၊ ဒေသဆိုင်ရာ ကော်မရှင်တွေ ဖြစ်တဲ့ အာရှပစိဖိတ်၊ ဥရောပ၊ အာဖရိက၊ မြောက်အမေရိက၊ လက်တင်အမေရိကစတဲ့ ကော်မရှင်တွေလည်း ဖွဲ့စည်းပြီး ရုပ်သေးပညာရပ်နဲ့ ပတ်သက်တဲ့ လေ့လာမှုတွေ၊ ဆွေးနွေးမှုတွေ၊ ပညာပေးမှုတွေကို ဆောင်ရွက်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။ ယူနီမာရဲ့ဥက္ကဋ္ဌကို ဒီညီလာခံမှာ ပြန်လည်ရွေးချယ်တဲ့အခါ အိန္ဒိယနိုင်ငံက ရုပ်သေးပညာရှင်ကို ရွေးချယ်ခဲ့ပြီး ဒုတိယဥက္ကဋ္ဌတွေအဖြစ် ချက်နိုင်ငံက ရုပ်သေးပညာရှင်တစ်ဦးနဲ့ ဂျာမနီနိုင်ငံက အမျိုးသမီး ရုပ်သေးပညာရှင်တစ်ဦးကို ရွေးချယ်ခဲ့ကြပါတယ်။

ဩစတြေးလျနိုင်ငံ ပတ်သ်မြို့ မြို့တော်ခန်းမ၌ မြန်မာ့ရုပ်သေးပညာရှင် ဦးရဲဒွေးက ဂဠုန်-နဂါး ရုပ်သေးအကကို ဤသို့ ကြိုးဆွဲကပြခဲ့သည်။

တိုက်ရိုက်ကိုင်တွယ်

ဒီပွဲတော်မှာ ရုပ်သေးပညာနဲ့ကပြခဲ့တဲ့ အဖွဲ့ဝင်နိုင်ငံတွေနဲ့ပတ်သက်ပြီး မေးမြန်းတဲ့အခါ “နိုင်ငံအလိုက်ရုပ်သေးပညာရပ်နဲ့ကပြခဲ့တဲ့နိုင်ငံတွေကတော့ ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ ဘူကီနာဖာဆို၊ ကနေဒါ၊ ချီလီ၊ တရုတ်၊ ခရိုအေးရှား၊ ချက်၊ ဒိန်းမတ်၊ အက်စ်တိုးနီးယား၊ ဖင်လန်၊ ပြင်သစ်၊ ဂျာမနီ၊ နယ်သာလန်၊ ဟန်ဂေရီ၊ အီရန်၊ ဂျပန်၊ ကင်ညာ၊ တောင်ကိုရီးယား၊ မာလီ၊ မြန်မာ၊ နော်ဝေ၊ ပိုလန်၊ ရုရှား၊ ဆားဘီးယား၊ ဆလိုဗက်ကီးယား၊ တောင်အာဖရိက၊ စပိန်၊ ဆွီဒင်၊ အင်္ဂလန်၊ အမေရိကန်၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား နိုင်ငံတွေ ဖြစ်ကြပါတယ်။ သီရိလင်္ကာနဲ့ တောင်ကိုရီးယားနိုင်ငံတွေက ကြိုးဆွဲရုပ်သေးကို ကပြခဲ့တာဖြစ်ပြီး တချို့က လူကအရုပ်ကို တိုက်ရိုက်ကိုင်တွယ်လှုပ်ရှားတာတွေလည်း ပါဝင်တယ်” လို့ ကြိုးဆွဲရုပ်သေးပညာရှင် ဦးရဲဒွေးက မြန်မာ့အလင်းကို ရှင်းပြပါတယ်။

တအံ့တဩ

“ရုပ်သေးပညာရပ်မှာ အရိပ်ပြရုပ်သေး၊ လက်ထိုးရုပ်သေး၊ တုတ်ထိုးရုပ်သေးနဲ့ ကြိုးဆွဲ ရုပ်သေးဆိုပြီး လေးမျိုးရှိရာ နိုင်ငံတကာ၌ရုပ်သေးပညာရပ်ပေါင်းစုံကို အသုံးပြုနေကြောင်း သိရပါတယ်။ ဒါပေမယ့် မြန်မာ့ကြိုးဆွဲရုပ်သေးပညာကိုတော့ သူတို့တွေ တအံ့တဩရှိကြပြီး အထူးလည်း စိတ်ဝင်စားတယ်”လို့ ဦးရဲဒွေးက ပြောပြပါတယ်။

ဒီပွဲတော်မှာ နောက်တစ်ကြိမ်ကျင်းပမယ့် (၂၁)ကြိမ်မြောက် ယူနီမာညီလာခံနဲ့ အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်ကို အိမ်ရှင်အဖြစ်လက်ခံကျင်းပဖို့ရွေးချယ်တဲ့အခါ ရုရှားနဲ့တရုတ်တို့ အပြိုင်အဆိုပြုခဲ့ကြပေမယ့် တရုတ်နိုင်ငံကိုရွေးချယ်ခဲ့ကြပြီး ချန်ဒူးမြို့မှာကျင်းပဖို့ ဆုံးဖြတ်ခဲ့ကြကြောင်း၊ ကျင်းပမယ့်အချိန်ကတော့ ၂၀၁၂ခုနှစ်မှာဖြစ်ကြောင်းလည်း သိရပါတယ်။

ဆွဲဆောင်နိုင်

အခုလို အပြည်ပြည်ဆိုင်ရာ ရုပ်သေးပွဲတော်သွားရောက်ခဲ့တာဟာ မြန်မာ့ကြိုးဆွဲရုပ်သေးပညာရပ်ကို နိုင်ငံတကာက ကျယ်ကျယ်ပြန့်ပြန့်သိရှိစေခဲ့ပြီး စိတ်ဝင်စားမှု အများအပြားဖြစ်ပေါ်အောင် ဆွဲဆောင်နိုင်ခဲ့ကြောင်း၊ ရုပ်သေးပညာရပ် မတိမ်ကော၊ မပျောက်ပျက်အောင် ထိန်းသိမ်းဖို့နဲ့ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေဖို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရုပ်သေးပညာရှင်တွေကြိုးစားကြဖို့လိုအပ်ကြောင်း၊ နိုင်ငံတကာကိုပျံ့နှံ့ရောက်ရှိအောင် စွမ်းဆောင်ကြဖို့လည်းလိုအပ်ကြောင်း မြန်မာ့ကြိုးဆွဲရုပ်သေးပညာရှင်ဦးရဲဒွေးက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားခဲ့ပါကြောင်း အနုပညာသတင်းအဖြစ် ဖော်ပြလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

အကြိမ် (၂၀)မြောက် ယူနီမာညီလာခံ ဩစတြေးလျနိုင်ငံ ပတ်သ်မြို့၌ ကျင်းပခဲ့စဉ်။

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိရေနှင့် ဓာတ်ဆားများဆုံးရှုံးမှု များပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များမဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရ အေးမြသော နေရာများတွင်နေပါ။

(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။

(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။

(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။

(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။

(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။

(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။

(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိရေနှင့်ဓာတ်ဆားဆုံးရှုံးမှုကို ပြန်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။

(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။

(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ၊ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေနှင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုးတွင် နားနေပါ။

(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။

(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေးဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဧပြီ ၅ ရက်က မန္တလေး အောင်မြေသာစံမြို့နယ် ပြည်ကြီး ကျက်သရေ အနောက်ရပ်ကွက်ရုံးတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနမှ အသက်(၁၈)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်း၍ ဆောင်ရွက်ပေးစဉ်။ (ဝ၉ဝ)

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့

၂၀၀၈ခုနှစ်၊ ဧပြီလ (၂၉)ရက်

အမျိုးသားငှက်ဖျားရောဂါတိုက်ဖျက်ရေး ရက်သတ္တပတ်

၂၀၀၈ခုနှစ်၊ ဧပြီလ (၂၅)ရက်-မေလ (၁)ရက်

ငှက်ဖျားရောဂါအန္တရာယ်၊ နေရာအနှံ့တို့ကာကွယ်

Malaria - a disease without borders

မြို့ရွာတစ်ခွင်သာစေချင် မီးတွင်မပေါ့နှင့်

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မန္တလေးမြို့နေ
ရဲမှူးကြီးခင်ဌေး(တပ်ဖွဲ့ခွဲမှူး၊ အထက်မြန်မာနိုင်ငံ သတင်းတပ်ဖွဲ့ခွဲ)-ဒေါ်ပြုံးပြုံး(ဒုရဲမှူး-ငြိမ်း၊ သတင်းတပ်ဖွဲ့)တို့၏ တစ်ဦးတည်းသောသား

ဗိုလ်ကြီးမျိုးမင်းဟန် B.C.Sc (D.S.A)

နှင့်

ရန်ကုန်မြို့နေ
ဦးမြင့်ဆွေ(ဌာနမှူး-ငြိမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ)-ဒေါ်ဝေဝေသန်း(မဂ္ဂင်ဆောက်လုပ်ရေး)တို့၏ သမီးကြီး

မကြည်ပြာမြင့်
B.Med.Tech(Physiotherapy), I.D.C.S(NCC, UK)

တို့၏ ၁၈-၄-၂၀၀၈ ရက်တွင် Traders Hotel တောင်ငူခန်းမ၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးသော ရန်ကုန်တိုင်း တရားသူကြီး ဦးမြသိန်းအားလည်းကောင်း၊ အသိသက်သေများအဖြစ် လက်မှတ်ရေးထိုးပေးသော ဗိုလ်ရန်လင်းမောင်နှင့် မအေးမွန်ခင်တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ပေးသော ဂုဏ်သရေရှိလူပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ Traders Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ၁၈-၄-၂၀၀၈ ရက် 'ဇီဝိတဒါနသံဃာ့ဆေးရုံ'၌ မင်္ဂလာဦးဆွမ်းကျွေးပွဲတွင် မေတ္တာဖြင့် ကူညီပေးသော ဇီဝိတဒါနသံဃာ့ဆေးရုံမှ တာဝန်ရှိသူများအား လည်းကောင်း၊ ၂၀-၄-၂၀၀၈ ရက်တွင် မင်္ဂလာအောင်စံပယ်ပန်းကုံးများချီးမြှင့်ပေးပါသော ဝန်ကြီးဦးကိုလေး(ငြိမ်း)နှင့် ဇနီး ဒေါ်ခင်ခင်၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းချီးမြှင့်ပေးပါသော ရဲမှူးချုပ်ဗဟိန်း(သတင်းတပ်ဖွဲ့မှူး-ငြိမ်း)နှင့်ဇနီး ဒေါ်ဌေးဌေးအားလည်းကောင်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်ပေးပါသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်ပေး သီချင်း သီဆိုပေးသော တေးသံရှင် ဒေါ်တင်တင်မြ၊ မင်္ဂလာပန်းကြဲပေးသော မချစ်ဆုမွန်ရှင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မဟေမန်နှင်း၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မနေခြည်ဝင်း၊ သတို့သားအရံများအဖြစ် ဆောင်ရွက်ပေးသော ဗိုလ်ရန်လင်းမောင်၊ ဗိုလ်မော်သိန်းထူး၊ သတို့သမီးအရံများအဖြစ် ဆောင်ရွက်ပေးသော မသီတာမြင့်၊ မကျော့သူဇာ၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံတင်ဆက်ပေးကြသော A-1 ဦးစိုးမြင့် တေးဂီတအဖွဲ့နှင့် တေးသံရှင်များ၊ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော အေးဇော်မိုး(စက်မှု)၊ မိတ်ကပ်အလှပြင်ဆင်ပေးသော ကိုဟန်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံပြင်ဆင်ပေးသော သီဂီရွှေဝါပိုးထည်တိုက်မှ အန်တီပေါက်နှင့် ဒီဇိုင်းနာ လတ်လတ်၊ မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Sedona Hotel မှ ဝန်ထမ်းများအားလည်းကောင်း၊ ၂၀-၄-၂၀၀၈ ရက် (M3 Food Centre) မင်္ဂလာညစာစားပွဲတွင် အစားအသောက်များ တည်ခင်းညှော်ခံပေးသော M3 Food Centre မှ မန်နေဂျာနှင့် ဝန်ထမ်းများ၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိပုဂ္ဂိုလ်များ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ ၂၃-၄-၂၀၀၈ ရက်တွင် မန္တလေးမြို့ ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်း'ရွှေအင်းဝခန်းမ'တွင် ကျင်းပသော မင်္ဂလာ ဆွမ်းကျွေးပွဲသို့ ကြွရောက်ချီးမြှင့်အားပေးကြသော စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ကြီးမျိုးမင်းဟန်-မကြည်ပြာမြင့်။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

မမျိုးမျိုးဆွေ(ခ)မမိုးမိုးနိုင် ၁၃/တကန(နိုင်)၀၆၇၂၂၈ သည် အမေဖြစ်သူအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့၍ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။

မိခင်
ဒေါ်နန်းမေဝင်း ၁၃/တကန(နိုင်)၀၆၇၂၂၇
၁၂/ဃ၊ကျောက်တလုံးလမ်း၊ သစ်တောရပ်ကွက်၊ တောင်ကြီး။

အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ကမ္ဘောဇအသင်း ပွဲဦးထွက်နိုင်

ရန်ကုန် ဧပြီ ၂၃

သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့၌ စတင်ကျင်းပသည့် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ အုပ်စု(က) ပွဲစဉ်တွင် မြန်မာနိုင်ငံမှ ကမ္ဘောဇဘောလုံးအသင်းက တာ့ခ်မင်နစ္စတန်မှ အက်ကာဗက်အသင်းအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းပေါက်ကွဲ၍ အပြစ်မဲ့ပြည်သူသုံးဦး ဒဏ်ရာရရှိ

နေပြည်တော် ဧပြီ ၂၃

ပဲခူးတိုင်း ကျောက်ကြီးမြို့နယ် ထိန်ပင်ကျေးရွာနေ ဦးမြင့်ဦး၏သား ချမ်းမြေ့အောင် အသက်(၂၀)သည် ဧပြီ ၁၇ရက် နံနက် ၆ နာရီ မိနစ် ၅၀ ခန့်တွင် အစ်မဖြစ်သူနှင့်အတူ နွေစပါးစိုက်ခင်းအတွင်း စာခြောက်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲပြီး ချမ်းမြေ့အောင်၏ ဘယ်ဘက်ခြေထောက်ခြေချင်းဝတ်အထက်မှပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ဒဏ်ရာရရှိ

အလားတူ နံနက် ၈ နာရီခန့်တွင် ထိန်ပင်ကျေးရွာမှ ဦးမောင်အုန်း၏ သား ဇော်မင်းထိုက် အသက်(၁၃)နှစ်သည် အဖော်နှစ်ဦးနှင့် အတူ နွေစပါးစိုက်ခင်းအတွင်း နွားကျောင်းနေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲပြီး ဇော်မင်းထိုက်၏ ဘယ်ဘက်ခြေဖဝါးပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ဧပြီ ၁၈ ရက် နံနက် ၉နာရီတွင် ကျောက်ကြီးမြို့နယ် တောကြောင်ပေါက်ကျေးရွာမှ ဦးသောင်းတင်၏ သား ညီညီအောင် အသက်(၂၄)နှစ်သည် နွေစပါးစိုက်ခင်းအတွင်း စာခြောက်နေစဉ် သောင်းကျန်းသူအဖျက်သမားများ ထောင်ထားသည့် မိုင်းနင်းမိပေါက်ကွဲပြီး ညီညီအောင်၏ ဘယ်ဘက်ခြေဖဝါးပြတ်ကာ ဒဏ်ရာရရှိခဲ့သည်။

ပံ့ပိုးကူညီ

ဒဏ်ရာရရှိကြသူများအား သက်ဆိုင်ရာတာဝန်ရှိသူများက ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကြ၍ ဆေးကုသမှုများနှင့် လိုအပ်သောပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် သောင်းကျန်းသူအဖျက်သမားများအား ဒေသခံပြည်သူများနှင့် တာဝန်ရှိသူများက သတင်းဖော်ထုတ် ရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရွှေရတု နှစ်(၅၀)မြောက် မင်္ဂလာဆုမွန်လွှာ

ကျေးဇူးရှင် မိဘများဖြစ်ကြသော ချစ်ဖေဖေ **ဦးမင်းကြည်** နှင့် ချစ်မေမေ **ဒေါ်မြင့်မြင့်** တို့၏ ၂၄-၄-၂၀၀၈ ရက်တွင် ကျရောက်သော ရွှေရတု မင်္ဂလာရက်မြတ်မှသည် နောင်စိန်ရတုတိုင်အောင် ချစ်သောသားသမီးများနှင့်အတူ စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် လောကီ-လောကုတ္တရာ နှစ်ဖြာအကျိုး တိုးတက်သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သား - ဗိုလ်မှူးချုပ်မင်းသိန်းဇံ-ဒေါ်မေသန်းကြိုင်
ချစ်မြေးများ - ကြည်မင်းဟန်၊ ကြည်မင်းဇံ၊ ကြည်မင်းဘုန်း။

ရွှေရတု နှစ်(၅၀)မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်သောအစ်ကိုကြီး **ဦးမင်းကြည်** နှင့် အစ်မကြီး **ဒေါ်မြင့်မြင့်** တို့၏ ၂၄-၄-၂၀၀၈ရက်တွင် ကျရောက်သော ရွှေရတုမင်္ဂလာရက်မြတ်မှသည် နောင်စိန်ရတုတိုင်အောင် ချစ်သောညီမများ၊ ဆွေမျိုးများနှင့်အတူ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာ ဆွေမျိုးအကျိုး၊ သာသနာအကျိုး၊ လောကီ၊ လောကုတ္တရာအကျိုးတို့ကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ညီမများ - ဦးယဉ်ကြည်-ဒေါ်နွဲ့နွဲ့ရီ
ဦးမောင်မောင်-ဒေါ်ကြူကြူဝင်း
ဦးအေးချို-ဒေါ်စန်းစန်းမြင့်။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုမွန်တောင်းလွှာ

အစ်ကို ဦးမင်းကြည်(ကျောက်ဖြူမြို့)-နှမ ဒေါ်မြင့်မြင့်(ရမ်းဗြဲမြို့)တို့၏ ၂၄-၄-၂၀၀၈ ရက်တွင် ကျရောက်သည့် နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာရက်မြတ်မှသည် ဘဝသက်ဆုံးတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေဟု ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးမောင်မောင်စိုး-ဒေါ်ခင်ခင်ဝင်းမိသားစု၊အောင်စာသင်ကျောင်း(ရန်ကင်း)

ကြော်ငြာစာ

(အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ-၂၈၃)
ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး
၂၀၀၈-ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာမှုအမှတ်-၃၀
ကွယ်လွန်သူ ဒေါ်ဆာရာ(စ်)ဗသီ (Sarasvathi) ၏ ကျန်ရှိရစ်ပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၉လမ်း၊ အမှတ် ၇၇ (သုံးလွှာ)၊ အခန်း ၁၉ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်ဆာရာ(စ်)ဗသီ (Sarasvathi) ၏ ကျန်ရှိရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ၂၉ လမ်း၊ အမှတ် ၇၇ နေ ဦးစိုးသောင်း(ခ)မူရေဂေးဆင်က အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၈ခုနှစ် မေ ၅ရက် (၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်ဆာရာ(စ်)ဗသီ (Sarasvathi) ၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၈ခုနှစ် မေလ ၅ရက် (၁၃၇၀ ပြည့်နှစ်၊ ကဆုန်လဆန်း ၁ ရက်)၌ မိမိတို့ ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နေရာတကျ အမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့် လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း တစ်ခုတစ်ခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော လျှောက်ထားသူ ဦးစိုးသောင်း(ခ)မူရေဂေးဆင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ် ဧပြီလ၂၂ရက် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်တင်တင်အေး
ဒုတိယခရိုင်တရားသူကြီး(၇)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာဆုတောင်း

ချစ်သော တူ၊ တူမများ၏ လိုအင်ဆန္ဒများကို အစဉ်အမြဲဖြည့်ဆည်းလျက် စောင့်ရှောက်ပေးနေသော ကျေးဇူးရှင်ဘဘကြီး **ဦးမင်းကြည်** နှင့် ကြီးကြီး **ဒေါ်မြင့်မြင့်** တို့၏ ၂၄-၄-၂၀၀၈ ရက်တွင် ကျရောက်သော နှစ်(၅၀)ပြည့် ရွှေရတုမင်္ဂလာ နှစ်ပတ်လည်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစု၊ မောင်၊ ညီမ၊ တူ၊ တူမ၊ မြေး၊ မြစ်များနှင့်အတူ လောကီလောကုတ္တရာအကျိုးသယ်ပိုးရင်း ကိုယ်ကျန်းမာ၊ စိတ်ချမ်းသာစွာဖြင့် အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သော မောင် - ညီ/ညီမ
ချစ်တူကြီး - ကိုနောင်-မစု
ချစ်တူမကြီးများ - မီးမီး
- အာကာ-လင်းလင်း
ချစ်မြေး - ဘောဘီလင်းလင်းမောင်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအမ်ဆင်ဆားရ် ၁၂/ဗဟန (နိုင်)၀၂၂၀၃၆၏ သန်းခေါင်စာရင်းနှင့် ပတ်စ်ပို့ထုတ်ရန် စာရွက်စာတမ်းများ ခရီးသွားရင်း ပျောက်ဆုံးသွားပါ၍ တွေ့ရှိက အကြောင်းကြားပါရန်။ **ဖုန်း-၅၅၅၄၇၈၊ ၀၉-၂၄၀၁၁၇၁။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးအေးမြင့်(ခ)ဝေါင်မင်းလှိုင်၏ CDC No. 23623 သည် တာမွေမြို့နယ်တွင် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဦးအေးမြင့် ဖုန်း-၀၉-၅၁၄၃၈၇၀။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် မတလ/၄၂၆၆၆ Honda Dream N.D 125 M လက်ဝယ်ရှိသူ ဦးတင်စိုး ၁၂/မရက(နိုင်) ၀၁၁၂၅၇ က (ကမ-၃) ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်)။

---

(၂၅)နှစ်မြောက် ငွေရတုမင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒေါက်တာ **ဦးဌေးကြွယ်** (အရိုး၊ အကြောခွဲစိတ်အထူးကုဆရာဝန်ကြီး၊ မန္တလေးပြည်သူ့ဆေးရုံကြီး) ချစ်မေမေ **ဒေါ်တင်ယုထွေး(ထူးထူး)** (အထက်တန်းပြ၊ အထက၊ စဉ့်ကိုင်)တို့၏ ၂၄-၄-၂၀၀၈ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် မိသားစုနှင့်အတူ ကိုယ်၊ စိတ်၊ နှလုံး ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ချမ်းမြေ့သာယာသော မိသားစုဘဝကို ပိုင်ဆိုင်၍ လောကီ၊ လောကုတ္တရာအကျိုး ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်သားကြီး - သော်သူရိန်ဌေး[A.G.T.I(EC)] B.Sc(Maths)
ကမ္ဘောဇဘဏ်၊ မန္တလေးမြို့။
ချစ်သားငယ် - ကျော်ဝေယံဌေး(Grade-11)
(အထက-၁၆) မန္တလေးမြို့။
"တင်"မောင်နှမတစ်စု၊ ရန်ကုန်မြို့။

MYANMAR IVANHOE COPPER COMPANY LIMITED (TENDER NOTICE)

TENDER IFB NO. SSHLSL-08 (Supply of 500 metric tonnes of Diluent, either SHELLSOL 2046 (or) EQUIVALENT). Price should be valid until the 15th June 2008.

CLOSING DATE & TIME: 30th April 2008 at 12:00 noon

Tender documents are available at the following address and queries can be made between 10 am and 4pm at MICCL Yangon office before the tender closing date.
Myanmar Ivanhoe Copper Company Limited
70 (I) Bo Chein Street, Pyay Road, Hlaing Township
Yangon, Myanmar (Tel: (95) 1-514194 to 7/ Fax: (95) 1 514206/ Email: miccl@miccl.com.mm)

ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)

သတင်းဆောင်းပါး-
တင်မောင်(သတင်းစဉ်)
ဓာတ်ပုံ-မြန်မာ့သတင်းစဉ်

ရန်ကုန် ဧပြီ ၂၃

မြတ်စွာဘုရားရှင်သည် ရဟန်းတော်များအား ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဟူသည့် ပစ္စည်းလေးပါးကို အလှူခံခွင့်၊ သုံးဆောင်နိုင်ခွင့် ခွင့်ပြုတော်မူခဲ့သည်။

ထို့အပြင် မကျန်းမာသည့် ဂိလာနသံဃာတော်များအား ဆေးဝါးကုသကြရန်၊ ပြုစုစောင့်ရှောက်ကြရန် ညွှန်ကြားတော်မူရုံသာမက မြတ်စွာဘုရားရှင် ကိုယ်တော်တိုင်လည်း သူနာပြုစုခြင်းဖြင့် လက်တွေ့ နမူနာကောင်း ပြသတော်မူခဲ့သည်။

ပြုစုလုပ်ကျွေး

မကျန်းမာသည့် ဂိလာနသံဃာတော်များကို ဆေးဝါးကုသစောင့်ရှောက်ခြင်းသည် မြတ်စွာဘုရားရှင်အား လုပ်ကျွေး ပြုစုရာရောက်ကြောင်း၊ မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေးလိုသူသည် မကျန်းမာသည့် ဂိလာနပုဂ္ဂိုလ်အား ပြုစုလုပ်ကျွေးရမည်ဖြစ်ကြောင်း ဟောကြားတော်မူခဲ့သည်။

နိုင်ငံတော်အစိုးရသည် ဗုဒ္ဓသာသနာရောင်ဝါ ထွန်းလင်းတောက်ပလျက်ရှိသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗုဒ္ဓသာသနာ အဓွန့်ရှည် သန့်ရှင်းထွန်းကားပြန့်ပွားစေရေးအတွက် အားကြိုးမာန်တက် ထမ်းရွက်တော်မူနေကြသည့် ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၏ ကျမ်းမာရေးကို စောင့်ရှောက်နိုင်ရန် ရန်ကုန်မြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် တောင်ကြီးမြို့စသည် တို့တွင် သံဃာ့ဆေးရုံများ တည်ထောင်ဖွင့်လှစ်ပေးထားပြီး စေတနာရှင်ပြည်သူများနှင့်အတူ ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိပါသည်။

တည်ဆောက်

၂၀၀၈ခုနှစ် ဧပြီလ ၁၈ရက်တွင် ဇီဝိတဒါနသံဃာ့ဆေးရုံ (မန္တလေး)ကို မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် သန့်လျက်မှော်တောင် ရပ်ကွက် ကန်တော်ကြီးကန်ပတ်လမ်း ပြည်ကြီးမွန်ဖောင်တော်ရှေ့၌ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့သည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)နှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် တင်ပြနိုင်ရန် ဧပြီလ၁၈ရက် မွန်းလွဲပိုင်းတွင် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)သို့ စာရေးသူ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

အတည်ပြု

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) ပေါ်ပေါက်လာပုံနှင့် စပ်လျဉ်း၍ တာဝန်ရှိသူ တစ်ဦးက ပြောပြရာတွင် နိုင်ငံတော်အကြီးအကဲသည် လွန်ခဲ့သော တစ်နှစ်ခန့်က ပြင်ဦးလွင်ခရီးစဉ်၌ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များ၏ ကျန်းမာရေးအတွက် မန္တလေးမြို့ရှိ ခုတင် ၄၀ဆံ့ သံဃာ့ဆေးရုံအပြင် ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် သံဃာအပါး ၂၀၀ခန့်နှင့် သီလရှင်အပါး ၅၀ခန့်ကို ဝိနည်းတော်နှင့်အညီ အတွင်းလူနာအဖြစ် လက်ခံကုသပေးနိုင်မည့် ဧက ၄၀ ခန့်ရှိ မြေနေရာတစ်နေရာ ရွေးချယ်တင်ပြရန် တာဝန်ရှိသူများကို တာဝန်ပေးအပ်ခဲ့ကြောင်း၊ ထို့နောက် စစ်ကိုင်းမြို့၊ မန္တလေးမြို့၊ အမရပူရမြို့တို့နှင့် အနီးစပ်ဆုံး နေရာဖြစ်သည့် ယခုနေရာကို အတည်ပြု ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုဆေးရုံ၏ ဧရိယာအကျယ်အဝန်းမှာ ၃၉ဒသမ ၈၄ဧက ရှိကြောင်း ပြောပြခဲ့သည်။

ဆေးရုံတည်ဆောက်ရေးအတွက် နိုင်ငံတော်ရှိ သက်ဆိုင်ရာ အစိုးရဌာနများနှင့် မြို့မိမြို့ဖ စေတနာရှင်များက လိုအပ်သည့်ပစ္စည်းများ ပံ့ပိုးကူညီပေးခဲ့ကြောင်း သိရသည်။

ကုသနိုင်

ယခုအခါ အုပ်ချုပ်မှုရုံး၊ သံဃာပြင်ပလူနာဆောင်၊ သီလရှင် ပြင်ပလူနာဆောင်၊ သံဃာကုသဆောင် ၃၆ခုတင်ဆံ့ ငါးဆောင်နှင့် ၂၅ခုတင်ဆံ့နှစ်ဆောင်၊ သီလရှင်ကုသဆောင် ၃၆ခုတင်ဆံ့ နှစ်ဆောင်နှင့် ၂၅ခုတင်ဆံ့ တစ်ဆောင်၊ သံဃာခွဲစိတ်ဆောင်၊ အနီးကပ်ကြပ်မတ် ကုသခန်းနှင့် ဓာတ်ခွဲခန်း၊ သီလရှင်ခွဲစိတ်ဆောင်၊ အနီးကပ်ကြပ်မတ် ကုသခန်းနှင့် ဓာတ်ခွဲခန်းတို့ အပါအဝင် ဆေးကုသဆောင် ၁၄ဆောင်နှင့် အထောက်အကူပြုပစ္စည်းများ ပါရှိသော သံဃာ့ဆေးရုံကိုခေတ်မီ ဆေးရုံတစ်ခု၏ အင်္ဂါရပ်များနှင့်အညီ တည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုအခါ သံဃာအပါး ၂၅၀ခန့်နှင့် သီလရှင်အပါး ၁၀၀ခန့် သီးသန့်စီ အတွင်းလူနာအဖြစ် တစ်ပြိုင်နက်တည်း တက်ရောက်ကုသနိုင်ကြောင်း၊ ခေတ်မီရောဂါရှာဖွေရေးအတွက် ကုသရေးပစ္စည်းကိရိယာများနှင့် လူနာတင်ယာဉ်တစ်စီး၊ ဆေးရုံသုံးမော်တော်ယာဉ်သုံး စီးတို့ကိုလည်း ဖြည့်ဆည်းပေးထား ပြီးဖြစ်ကြောင်း သိရှိရသည်။

ဆေးရုံအတွင်းပိုင်း

ဇီဝိတဒါန သံဃာ့ဆေးရုံ(မန္တလေး)၏ ဆေးရုံအတွင်းပိုင်းကို တွေ့ရစဉ်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)၏ ဆေးရုံအတွင်းပိုင်းတစ်နေရာ။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)တွင် ခွဲစိတ်ကုသဌာန၊ ဖျားနာဌာန၊ မျက်စိ ရောဂါဌာန၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါဌာန၊ အရိုး၊ အကြော၊ အဆစ်ရောဂါဌာန၊ ကလေးရောဂါဌာန၊ စိတ်ကျန်းမာရေးဌာန၊ အစာအိမ်နှင့် အူလမ်းကြောင်းဌာန၊ နှလုံး၊ ဦးနှောက်၊ အာရုံကြောရောဂါဌာနတို့ ထားရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည့်စုံစေရန်

ဆေးရုံတက်ရောက်ကုသကြသော ဂိလာနသံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား ကျန်းမာရေးနှင့် လိုက်လျောညီထွေစွာရှိမည့် ဆွမ်းဟင်းနှင့်ဖျော်ရည်များကို ဝိနည်းတော်နှင့်အညီ သတ်မှတ်ချိန်အတွင်း အဆင်ပြေစွာ ဘုန်းပေးနိုင်ရန် ဆက်ကပ်ခြင်း၊ အစောင့်အဖော် အဖြစ်ပါရှိသော သံဃာတော်နှင့် သီလရှင်များအား ဆွမ်း၊ ကွမ်း ပြည့်စုံစေရန် ဆောင်ရွက်ခြင်းများကိုလည်း စီစဉ်ထားရှိကြောင်း သိရသည်။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ဒေသခံအငြိမ်းစား ဆေးဝါးကုသမှုပါမောက္ခဆရာဝန်ကြီးများ၊ သမားတော်ကြီးများ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီးများ၊ ဆီးနှင့်ကျောက်ကပ်ခွဲစိတ်အထူးကုဆရာဝန်ကြီးများ အပါအဝင် စိတ်ကျန်းမာရေး ဆရာဝန်ကြီးများလည်း ရှိမည်ဖြစ်သည်။

ဂိလာနသံဃာတော်နှင့် သီလရှင်များအထူးကုဌာနတွင်-

တနင်္လာနေ့နံနက်ပိုင်း	-	**(၉-၁၁)နာရီအထိ(မျက်စိ၊ခွဲစိတ်၊ ဖျားနာ) (မှတ်ချက်။ခွဲရက်-အရိုး)**
အင်္ဂါနေ့နံနက်ပိုင်း	-	**(၉-၁၁)နာရီအထိ(အရိုး၊မီးယပ်၊အစာအိမ်နှင့် အူလမ်းကြောင်း) (မှတ်ချက်။ အထွေထွေခွဲစိတ်၊ မျက်စိ)**
ဗုဒ္ဓဟူးနေ့နံနက်ပိုင်း	-	**(၉-၁၁) နာရီအထိ (ဆီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ စိတ်ကျန်းမာ၊ သွားခံတွင်း) (မှတ်ချက်။ ခွဲရက်၊ မျက်စိ၊ သွားခံတွင်း)**
ကြာသပတေးနေ့နံနက်ပိုင်း	-	**(၉-၁၁) နာရီအထိ (အရိုး၊ မီးယပ်အားဆေး၊ သွားခံတွင်း) (မှတ်ချက်။ ဆီး၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ သွားခံတွင်း)**
သောကြာနေ့နံနက်ပိုင်း	-	**(၉-၁၁)နာရီအထိ(အရိုး၊မီးယပ်အား ဆေး၊ သွားခံတွင်း) (မှတ်ချက်။ ခွဲရက်၊ ခွဲစိတ်၊ ဆီး)**

စသည်ဖြင့် သတ်မှတ်နေ့ရက်အတိုင်း ဆရာဝန်ကြီးများက အလှည့်ကျဆေးကုသမှု ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ဆရာတော်၊ သံဃာတော်ကြီးများအနေဖြင့် လူပုဂ္ဂိုလ်များ၏ဆေးရုံများတွင် တက်ရောက်ပြီး တစ်မိုးတစ်ရံအောက်၌ ဆေးဝါးကုသမှုခံယူရာတွင် ဝိနည်းတော်အရ အာပတ်သင့်မည်ကို စိုးရွံ့တော်မူကြသဖြင့် မကျန်းမာသော်လည်း ဆေးဝါးကုသမှုခံယူရန် ဝန်လေးနေကြသည့် အခြေအနေကို နိုင်ငံတော်အကြီးအကဲက သိရှိပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် စေတနာသဒ္ဓါတရားထက်သန်စွာ စီစဉ်စီမံတည်ဆောက် ဖွင့်လှစ်ပေးခဲ့သည့် ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး) ပေါ်ပေါက်လာသည့်အတွက် လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအားလုံး သာဓုခေါ်ဆိုမည့် အလှူဒါနဖြစ်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။ ။

ဇီဝိတဒါနသံဃာ့ဆေးရုံ(မန္တလေး)ကို ဤသို့ တွေ့ရသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း) မဟာထေရ်စံကျောင်းသို့ ငွေလှူဒါန်း

ရန်ကုန် ဧပြီ ၂၃

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ်(၁) စစ်မှုထမ်းဟောင်း စံပြရွာ (လေးထောင့်ကန်)သီရိဂုဏ်ဝေ ဓမ္မဗိမာန် ကျောင်းတိုက်တွင် ဆောက်လုပ်ဆဲမဟာ ထေရ်စံကျောင်းတော်အတွက် ဦးစိန်တိုး-ဒေါ်ချိုချိုစိမ့် မိသားစု သိန်းကျွန်းက ငွေကျပ်တစ်သိန်း၊ ဗိုလ်ကြီးခင်မောင်(ငြိမ်း) အားရည်စူး၍ ဒေါ်သန်းမေမိသားစုက ငွေကျပ်တစ်သိန်းငါးသောင်း၊ ဦးစိုးအောင်-ဒေါ်ခင်စိုး အောင်သိဒ္ဓိရိပ်သာ မရမ်းကုန်းက ငွေကျပ် နှစ်သိန်း၊ ကိုတင်ဝင်းအောင်-မနီနီအေး၊ သမီး သန့်ရတနာဝင်းမိသားစု တက္ကသိုလ် လမ်းသစ်ရိပ်သာက ငွေကျပ် တစ်သိန်း ငါးသောင်း၊ ဦးစန်းမြင့်အား ရည်စူး၍ ဒေါ်လှမြင့် ၃၄စိတ္တသုခလမ်း ကျောက်မြောင်းက ငွေကျပ်နှစ်သိန်းနှင့် အမှတ်(၁) စစ်မှုထမ်းဟောင်းစံပြရွာ (လေးထောင့်ကန်)ကုသိုလ်ရှင် နှစ်ဦးက ငွေကျပ် ၁၄သိန်းကို အရှင်ပညာသီဟာ ဘိဝံသ(ပဋ္ဌာနကာယ်)ထံ ရေစက်ချ တရားနာကြားပြီး လှူဒါန်းသည်။**(အပေါ်ပုံ)**

ဆက်သွယ်လှူဒါန်းနိုင်

ယင်းကျောင်းတိုက်တွင် တိုင်းရင်းသားကိုရင်ငယ်များအား ပိဋကတ်စာပေသင်ကြားပေးခြင်း၊ စစ်မှုထမ်းဟောင်းသက်ကြီးရွယ်အိုများအား ဝိပဿနာတရားကို စရိုက်ငြိမ်း အားထုတ်စေခြင်းတို့ကို ဆောင်ရွက်နေပါ၍ ကုသိုလ်ပြု လိုသူများသည် ကျောင်းဖုန်း- ၅၉၉၀၅၄၊ ၅၉၉၀၆၄၊ ၀၉-၅၁-၅၁၅၁၄နှင့်၅၆၄၃၆၀တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပေါင်းတည် ဘိုးဘွားရိပ်သာ နှစ်ပတ်လည်အခမ်းအနားနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲ ကျင်းပ

ပေါင်းတည် ဧပြီ ၁၅

ပဲခူးတိုင်း (အနောက်ပိုင်း) ပေါင်းတည်မြို့နယ်ရှိ ဘွားဦးဖွန်းတည်ထောင်ခဲ့သော ပေါင်းတည်မြို့ ဘိုးဘွားရိပ်သာ၏ (၇၈)နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ပွဲအခမ်းအနားကို မတ် ၂၆ရက်က ဘိုးဘွားရိပ်သာရှိ စိန်ရတုခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလွင်နှင့် ဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်သန်းတို့က ဘိုးဘွားရိပ်သာ ပြုပြင်မွမ်းမံတည်ဆောက်ခြင်းစသော တည်ဆောက်ရေးလုပ်ငန်း၊ အဘိုးအဘွားများ၏ စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

ဂုဏ်ပြုလွှာ

ထို့နောက် အမှုဆောင်အဖွဲ့၏(၇၈)နှစ်မြောက် အစီရင်ခံစာကို အမှုဆောင်အဖွဲ့ဝင် ဦးမြင့်သိန်းကတင်ပြပြီး ဘိုးဘွားရိပ်သာအတွင်း အဆောက်အအုံများ၊ လမ်း၊ အုတ်တံတိုင်းများ တည်ဆောက်ခြင်း၊ စားသောက်ရေးနှင့်ကျန်းမာရေးအတွက် လှူဒါန်းကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာကို မြို့နယ်ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့က တစ်ဦးချင်း ပေးအပ်ကြောင်းသိရသည်။ (၀၅၄)

ရန်ကုန်တိုင်း လှိုင်မြို့နယ် ၁၆ရပ်ကွက် မေတ္တာဝါဒီဟာသံ်ာတ(ပရဟိတ)ကျောင်းတိုက်ရှိ မိဘမဲ့ကလေးများရှင်ပြုရန်အတွက် ဖခင် ဦးဘဆိုင်(တိုင်းရဲမင်းကြီး၊ ငြိမ်း) အား ရည်စူး၍ ရန်ကင်းမြို့နယ် တိုက် ၄၀ အခန်း ၂နေ မိခင်ဒေါ်လှဘီ၊ သား ဗိုလ်မှူးဝင်းငြွေး -ဒေါ်လီလီစိုး၊ သားငယ် မောင်နေဝင်း-မမာမာသိန်း၊ သမီး မမြင့်မြင့်စိုး၊ ဒေါက်တာမြင့်မြင့်ငြိမ်း မိသားစုတို့က အလှူငွေ ကျပ်နှစ်သိန်းကို ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီလာနန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗိုလ်မှူးချုပ်ဝင်းမြင့်-ဒေါ်နွယ်နီဝင်း မိသားစုက ဒေါ်နွယ်နီဝင်း၏ မွေးနေ့အလှူအဖြစ် သုတ္တန္တပိဋကခုဒ္ဒကနိကာယ ခုဒ္ဒကပါဠိတော်တွင် ကြေးပိဋကတ်တော်လေးချပ် စုစုပေါင်းတန်ဖိုး ငွေကျပ် ၁၀၄၀၀၀ကို ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေး ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏထံ လှူဒါန်းရာ ဆရာတော်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ရန်ကင်း ပြည်သာယာ(တာမွေလေးသံလမ်းအနီး) ရွှေပြည်ဟိန်းကုသိုလ်ဖြစ်ဆေးခန်းအတွက် ကျောက်မြောင်း ဒဂုံသီရိလမ်းနေ ဦးဝင်းနိုင်၊ ဒေါ်မြင့်(ကောင်းထက်ကျော် ပညာရိပ်မွန်)မိသားစုက အလှူ ငွေ ကျပ်နှစ်သိန်းနှစ်သောင်းကို ဆရာတော်ထံ လှူဒါန်းရာ မယ်တော်ကြီး ဒေါ်အမာ လက်ခံစဉ်။ (၁၁၇)

ကော့ကရိတ်မြို့ ချမ်းသာကြီးစေတီ ဗုဒ္ဓပူဇနီယပွဲကျင်းပ

ကော့ကရိတ် ဧပြီ ၁၂

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ရှေးအကျဆုံး နှစ်ပေါင်းတစ်ရာကျော် တန်ခိုးကြီးရှေးဟောင်း သမိုင်းဝင် ချမ်းသာကြီးစေတီ မဟာမြတ်မုနိဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို မတ် ၁၄ ရက်မှ ၂၁ ရက်အထိ အသံမစဲမဟာပဋ္ဌာန်း ရွတ်ဆိုပူဇော်ခြင်း၊ စာအောင်သံဃာဆုပေးခြင်း၊ မြို့လုံးကျွတ် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း၊ ဆီမီးတစ်ထောင် ပူဇော်ခြင်းနှင့် သံဃာ၁၀၈ပါး ဆွမ်းဆန်စိမ်းလောင်းလှူခြင်းစသော ကောင်းမှုကုသိုလ်များ ပြုလုပ်ခဲ့ကြောင်းသိရသည်။ (က-ပ)

မိုးကုတ်ဝိပဿနာအဖွဲ့ ချုပ် ဘောဇနဆောင်အတွက် ဆက်လက်လှူဒါန်း

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ်အမှတ် ၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီးအတွင်း စုပေါင်းဆောင်ရွက်ဆောက်လုပ်ဆဲဖြစ်သော လေးထပ်ဘောဇနဆောင်အတွက် ဦးအောင်ကျော်မြင့်-ဒေါ်အေးအေးသက် မိသားစု အရာရှိရိပ်သာ မိုးကောင်းဝင်းအလုံက ငွေကျပ်တစ်သိန်း၊ ဦးတင့်ဆွေ-ဒေါ်မြကျင် နိဗ္ဗာန်လမ်း ကြည့်မြင်တိုင်က ငွေကျပ်တစ်သိန်း၊ ဒေါ်ခင်မြင့်နှင့် မြေး ဣန္ဒြေမွေးနေ့အလှူ ဗိုလ်တထောင်က ငွေကျပ်တစ်သိန်း၊ ဒေါ်ကျင်ရီမိသားစု ဇီးတောရပ် ဘားအံမြို့က ရွှေသားလက်စွပ်တစ်ကွင်း၊ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် အဆောင်မှူး ဆရာတော်ဘဒ္ဒန္တသောပါကက ငွေကျပ်တစ်သိန်း၊ ရှေ့ဆောင်တေးသံသွင်းမိသားစုလမ်း ၄၀ ကျောက်တံတားက ငွေကျပ်တစ်သိန်း လှူဒါန်းကြသည်။ စုပေါင်းပါဝင်လှူဒါန်းလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ အင်ဂျင်နီယာမှူးကြီး ဦးမောင်ဝင်းနှင့်အဖွဲ့ မတ် ၂၆ရက်က ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တည်ထောင်ထားမှု အခြေအနေကို ကွင်းဆင်းစစ်ဆေးရာအဖွဲ့ အငယ်တန်း အင်ဂျင်နီယာ(၂)ဦးမျိုးသူက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

နေပြည်တော်ပျဉ်းမနား ကြက်ခြေနီအသင်း သူနာပြုလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်း

နေပြည်တော်ပျဉ်းမနား ဧပြီ ၁၃

နေပြည်တော်ပျဉ်းမနား ကြက်ခြေနီအသင်း ကြီးကြပ်မှုကော်မတီ(၁/၂၀၀၈) အစည်းအဝေးကို မတ် ၁၉ရက် ညနေ ၅ နာရီက ရှမ်းကန်ဝင်းအတွင်းရှိ မြို့နယ် ကြက်ခြေနီအသင်းရုံးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပြောကြား

အစည်းအဝေးတွင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာ ကျော်ရွှေက အမှာစကားပြောကြားပြီး ကြက်ခြေနီသူနာပြုတပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဝင်းစိန်က ကြက်ခြေနီသူနာပြု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ကြက်ခြေနီသူနာပြုတပ်ရင်း ဒုတိယတပ်ရင်းမှူး ဦးညီငယ်က လေးလပတ် အစီရင်ခံစာကို ရှင်းလင်းတင်ပြ၍ ရှေ့လုပ်ငန်းစဉ် ခြောက်ရပ် ချမှတ်ဆုံးဖြတ် အတည်ပြုကြကြောင်း သိရသည်။ (၀၉၉)

မီးဘေးလုံခြုံရေးအတွက် ဇာတ်တိုက်လေ့ကျင့်

မင်းလှ ဧပြီ ၁၂

မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဖေယျာသီရိဈေးမီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်မှုကို ခေတ္တအမှုဆောင်အရာရှိ ဦးဟန်ငွေ ဦးဆောင်သောအဖွဲ့ဝန်ထမ်းများ မတ် ၃ရက်က ဇာတ်တိုက်လေ့ကျင့်မှုပြုလုပ်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးမြဟန်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယ ရဲမှူးယုကြိုင်နှင့် တိုင်းမီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်တိုးတို့ တက်ရောက်ကြည့်ရှု အားပေးခဲ့ကြသည်။ **(အောက်ပုံ)**

(မြို့နယ်စည်ပင်)

မြစ်ကြီးနားမြို့၌ ပန်းပင်များအစားထိုးစိုက်ပျိုး

မြစ်ကြီးနား ဧပြီ ၁၄

မြစ်ကြီးနားမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးဝန်ထမ်းများသည် မတ် ၈ရက်က ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ဂျပန်မြက်ခင်းလှပရေးအတွက် မြက်ဖြတ်ခြင်း၊ ရုံးဝင်းအတွင်း စိုက်ပျိုးထားသော ရာသီပန်းများမြေဆွခြင်း၊ ရာသီပန်းပင်များအစားထိုး စိုက်ပျိုးခြင်းနှင့်ရုံးရှေ့၊ ရုံးနောက်ရှိ ရေမြောင်းများ ရေမဝပ်စေရေး၊ ခြင်ယင်မပေါက်ပွားစေရေးအတွက် အမှိုက်များ ရှင်းလင်းခြင်းတို့ကို မြို့နယ်တာဝန်ခံ အရာရှိလက်ထောက်ညွှန်ကြားရေးမှူးဦးဇော်မိုး ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ကဝိမင်္ဂလာလမ်းနေ မိခင် ဒေါ်ပုအား အမှူးထား၍ သားဖြစ်သူ ဦးမြင့်ကြွယ်က သပြေရုံ-ငှက်ကြီးသိုက် ကျေးလက်ဖွံ့ဖြိုးရေးလမ်း အကုန်အကျခံဆောင်ရွက်မှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် အဖွဲ့ဝင်များ ကြည့်ရှုစစ်ဆေးရာ လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဆွေက ရှင်းလင်းတင်ပြစဉ်။ (၀၄၀)

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန
လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်း
အမှတ်စဉ်(၅/၂၀၀၈)
Diploma inTeacher Education Competency Training
သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှု ဌာနများ၏ အစီအစဉ်ဖြင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာရေးကောလိပ်များတွင် ဖွင့်လှစ်မည့် လုပ်ခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာသင်တန်းအမှတ်စဉ်(၅/၀၈)သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင်ခွင့်လျှောက်ထားသူများသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရပါမည်-

(က) လျှောက်ထားသူသည် မြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခု(ယဉ်ကျေးမှုတက္ကသိုလ်အပါအဝင်)မှ (ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့၊ စီးပွားရေးဘွဲ့) ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) လျှောက်လွှာနှင့်အတူ ဘွဲ့လက်မှတ်ဓာတ်ပုံမိတ္တူ (သို့မဟုတ်) ဘွဲ့ရကြောင်း ထောက်ခံစာ ပူးတွဲတင်ပြရမည်။
(ဃ) မွေးသက္ကရာဇ် အထောက်အထားအတွက် လျှောက်လွှာနှင့်အတူ တက္ကသိုလ်ဝင် စာမေးပွဲအောင်လက်မှတ် မိတ္တူကို ပူးတွဲတင်ပြရမည်။
(င) ၂၀၀၈ခုနှစ် ဩဂုတ် ၁၈ရက်တွင် အသက် ၂၅နှစ်ထက် မကြီးသူ ဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက် ၃၀ထက် မကြီးသူဖြစ်ရမည့်အပြင် သက်ဆိုင်ရာ ဌာန၏ ခွင့်ပြုချက်ကို ပူးတွဲတင်ပြရမည်။ (ဝန်ထမ်းသည်လစာမဲ့ဖြင့် သင်တန်း တက်ရပါမည်။)
(စ) စေလွှတ်သည့် ပညာရေးကောလိပ်သို့ တက်ရောက်နိုင်သူဖြစ်ရမည်။
(ဆ) သင်တန်းအောင်မြင်ပြီးသူများအား ဆရာအတတ်ပညာကျွမ်းကျင်မှု ဒီပလိုမာ လက်မှတ် (Diploma inTeacher Education Competency) ချီးမြှင့်မည်။
(ဇ) သင်တန်းကာလမှာ ၂၀၀၈ခုနှစ် ဩဂုတ် ၁၈ရက်မှ ၂၀၀၉ခုနှစ် ဩဂုတ်လ လယ်အထိ ဖြစ်ပါသည်။
(ဈ) သင်တန်းကြေးကို တစ်လလျှင် ကျပ်(၁၅၀၀)ပေးသွင်းရပါမည်။
(ည) ဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သင်တန်းပြီးမြောက်ပါက ဝန်ထမ်းစည်းမျဉ်းနှင့်အညီ မူလတန်းပြအဖြစ် စတင်ခန့်ထားပြီး ဆန္ဒပြုမှုနှင့် နေရာလစ်လပ်မှုအရ အလယ်တန်းပြအဖြစ် ရာထူးတိုးမြှင့်ခန့်ထားပေးမည်။ အလယ်တန်းပြဆရာအဖြစ် သတ်မှတ်လုပ်သက်ပြည့်မီပါက ပညာရေးဘွဲ့ (B.Ed) သင်တန်းဝင်ခွင့် အစီအစဉ်အရ တက်ရောက်ခွင့်ရရှိမည်။

၄။ လျှောက်ထားသူသည် ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများ (တွဲဖက်ပြည်နယ်/တိုင်းခွဲ အပါအဝင်)သို့လည်းကောင်း၊ ပညာရေးကောလိပ်၊ ပညာရေးတက္ကသိုလ်များမှ လျှောက်ထားသူများသည် ရန်ကင်းပညာရေးကောလိပ်၊ မန္တလေးပညာရေးကောလိပ်သို့လည်းကောင်း လျှောက်လွှာနှင့် အထောက်အထား စာရွက်စာတမ်းများကို ပေးပို့လျှောက်ထားနိုင်ပါသည်။

၅။ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရေးဖြေစာမေးပွဲများကို ၂၀၀၈ခုနှစ် ဇွန် ၇ရက်တွင်လည်းကောင်း လူတွေ့နှုတ်ဖြေကို ဇွန် ၁၄ရက်တွင်လည်းကောင်း သက်ဆိုင်ရာ ခရိုင်ရုံးစိုက်ရာ မြို့နယ်ပညာရေးမှူးရုံးများ၌ စစ်ဆေးမည်ဖြစ်ပါသည်။ အသက်ထောက်ခံချက်အတွက် တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းကို တစ်ပါတည်း ယူဆောင်လာရမည်။

၆။ လျှောက်ထားသူများသည် ပူးတွဲပါ သင်တန်းဝင်ခွင့်လျှောက်လွှာပုံစံအတိုင်း ကိုယ်တိုင် ပြုစုရေးသား ဖြည့်သွင်းထားသော လျှောက်လွှာသုံးစုံတွင် ခြောက်လအတွင်းရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(မျက်မှန်တပ်ထားသူဖြစ်ပါက မျက်မှန်နှင့်ဓာတ်ပုံတစ်ပုံနှင့် မျက်မှန်မပါ ဓာတ်ပုံတစ်ပုံ)တို့ကို ကပ်၍ ပူးတွဲရမည့် အထောက်အထားများနှင့်အတူ သက်ဆိုင်ရာ ပြည်နယ်/တိုင်း ပညာရေးမှူးရုံးများသို့ ၂၀၀၈ခုနှစ် မေ ၂၀ရက်ထက် နောက်မကျစေဘဲ ပေးပို့လျှောက်ထားရန် ဖြစ်ပါသည်။

ဘိုဝင်း
ညွှန်ကြားရေးမှူးချုပ်

ရက်စွဲ။ ၂၀၀၈ခုနှစ် ဧပြီလ ၂၂ရက်

၂၀၀၈-၂၀၀၉ ပညာသင်နှစ်
လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာကျွမ်းကျင်မှုဒီပလိုမာသင်တန်း
အမှတ်စဉ်(၅/၀၈)သင်တန်းဝင်ခွင့်လျှောက်လွှာ

ဓာတ်ပုံ

၁။ လျှောက်ထားသူ၏အကြောင်းအရာ

အကြောင်းအရာ	အမည်	နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်	ဝန်ထမ်းဖြစ်ပါက ရာထူး/ဌာန/ကျောင်း
လျှောက်ထားသူ			
ဖခင်			
မိခင်			

၂။ လျှောက်ထားသူ၏ မွေးသက္ကရာဇ် ________ ခုနှစ် ________ လ ________ ရက်
၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့်ခုနှစ်၊ ________ ခုံအမှတ် ________
စာစစ်ဌာနနှင့် ပြည်နယ်/တိုင်း ________
၄။ ဘွဲ့အမည်နှင့် အဓိကယူခဲ့သည့်ဘာသာ ________
အောင်မြင်ခဲ့သည့် တက္ကသိုလ်နှင့် ခုနှစ် ________
၅။ အခြားသင်တန်းများသို့ လျှောက်ထားခြင်း ရှိ/မရှိ ________
ရှိပါက သင်တန်းအမည် ________
၆။ အိမ်ထောင်ရှိ/မရှိ (ရှိပါက) ဇနီး/ခင်ပွန်းအမည် ________
နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ________
၇။ လက်ရှိနေရပ်လိပ်စာ အပြည့်အစုံ ________
____
၈။ မူလတန်းပြအဖြစ် ခန့်ထားပါက ဒေသမရွေးသွားရောက်တာဝန် ထမ်းဆောင်နိုင်ကြောင်း ဝန်ခံလက်မှတ်ရေးထိုးပါသည်။

လျှောက်ထားသူလက်မှတ်

ရက်စွဲ၊ ၂၀၀၈ ခုနှစ်၊ လ ရက်



ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနမှ ရုံးသုံးပုံစံများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ ချိပ်ပိတ်တင်ဒါများကို ၂၀၀၈ခုနှစ် မေလ ၁၂ရက်(တနင်္လာနေ့) ၁၆း၀၀နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို အောက်ဖော်ပြပါလိပ်စာအတိုင်း ရုံးချိန်အတွင်းယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းအမှတ်-၀၆၇-၄၀၅၃၅၈၊ ၀၆၇-၄၀၅၃၅၆ သို့ လည်းကောင်း စုံစမ်းနိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန
ရုံးအမှတ်-၂၉၊ နေပြည်တော်။

သွားချင်တဲ့ ခရီးကိုသွား
ငှားချင်တဲ့ ကားကိုငှား
TOP ဖုန်း 243363 705877
ကို ၂၄ နာရီ ဖုန်းဆက်လိုက်ပါလား။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ထား။
Van၊ Saloon ကားများငှားရန်ရှိသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
မော်တော်ဆိုင်ကယ်အမှတ် မက/၂၃၁၈၆ ကန်ဘိုယာဉ် လက်ဝယ်ရှိသူ ဦးဇော်မြင့် ၈/မမန(နိုင်)၁၈၀၃၈၁က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
ကညန၊ ခရိုင်ရုံး၊ (ပခုက္ကူ)။

မီး သတိပြု

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါပ ၁၀ရက် တရားစခန်းပွဲ

ရန်ကုန် ဧပြီ ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့အမှတ်၈၂ နတ်မောက်လမ်း မိုးကုတ်ဝိပဿနာ တရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်ကြီးအတွင်း တစ်လနှစ်ကြိမ် ကျင်းပသော ဝါပ ၁၀ရက် အထူးတရားစခန်းပွဲကြီးကို ကဆုန်လဆန်း ၆ရက်မှ ၁၅ရက်(မေ ၁၀ရက်မှ ၁၉ရက်)အထိ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ယင်းတရားစခန်းပွဲကြီးကို အဖွဲ့ချုပ်ကမ္မဋ္ဌာနာစရိယ ပျော်ဘွယ်ဆရာတော် ဘဒ္ဒန္တကေသဝက ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက်ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်ပြီး တရားစခန်းဝင်လိုသူများ မေ၁ရက်တွင် စာရင်းပေးသွင်းရမည်ဖြစ်ရာ အဖွဲ့ချုပ်ကြီးအတွင်း လေးထပ်ဘောဇနဆောင် ဆောက်လုပ်နေပြီဖြစ်၍ စုပေါင်းဆောင်ရွက်လိုပါက ဖုန်း-၅၄၁၈၆၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(က-ပ)

မဟာသင်္ကြန်အတက်နေ့က ရန်ကုန်မြို့ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန် စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ)ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က ပဲခူးတိုင်း ရွှေတောင်မြို့ အောင်မင်းခေါင်တောရ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ၌ ခုနစ်ရက် သားသမီးများအတွက် ခန္ဓာပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းအခြေခံနှင့် အလုပ်ပေးတရားတော် နာယူနိုင်စေခြင်းအကျိုးငှာ ဦးစီးပဓာန နာယကဆရာတော်ထံ တရားပွဲအလှူငွေ ဆက်ကပ် လှူဒါန်းစဉ်။

(က-ပ)

စစ်ကိုင်းတိုင်းမြောင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့ဝင်ဆိုင်းဘုတ်သစ် နှစ်ခု အပြီးသတ်အချောကိုင်ပြုလုပ်နေမှုကို မတ် ၁၅ရက်က အမှုဆောင်အရာရှိ ဦးစီးအရာရှိ ဦးတင့်ဝေနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဗိုလ်ဆန်းတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ကျောက်မဲမြို့ စိန္တာမုနိချမ်းသာရတောင်စေတီ (၂၈)ကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူ

ကျောက်မဲ ဧပြီ ၁၀

နှစ်စဉ်ကျင်းပမြဲဖြစ်သော စိန္တာမုနိချမ်းသာရတောင်စေတီတော်၏ (၂၈)ကြိမ်မြောက် စုပေါင်းဆွမ်းဆန်စိမ်း လောင်းလှူပွဲကို မတ်၂၁ရက် (တပေါင်းလပြည့်နေ့) မွန်းလွဲ ၁နာရီက ကျောက်မဲမြို့ ချမ်းသာရတောင် ရင်ပြင်တော်၌ ကျင်းပသည်။

အဆိုပါ လောင်းလှူပွဲတွင် သံဃာ ၁၁၄၇ပါးနှင့် သီလရှင် ၁၅၆ ပါးတို့အား တပ်နယ်မိသားစုများ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်အိတ် ၁၂၁၀၊ လှူဖွယ်ပစ္စည်းအမျိုးမျိုးနှင့် နဝကမ္မ အလှူငွေ ကျပ် ၂၅သိန်းတို့ကို ဆက်ကပ်လှူဒါန်းကြသည်။ အဆိုပါလှူဒါန်းမှု စုစုပေါင်းတန်ဖိုးမှာ ငွေကျပ်၂၄၂၈၀၀၀၀ဖြစ်သည်။ **(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

အပူဒဏ်အန္တရာယ်ကာကွယ်ရေး နှိုးဆော်ချက်

ယခုအခါတွင် နွေရာသီရောက်လာပြီဖြစ်သဖြင့် ရာသီဥတုပူပြင်းလာပြီ ဖြစ်ပါသည်။ ထိုအပူဒဏ်ကြောင့် ချွေးထွက်လွန်ပြီး ခန္ဓာကိုယ်အတွင်းရှိ ရေနှင့် ဓာတ်ဆားများ ဆုံးရှုံးမှုများပြားပါသည်။ ထိုသို့ဆုံးရှုံးမှုကြောင့် မိတ်နှင့် ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးမော်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ပြီး ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် အသက်အန္တရာယ် စိုးရိမ်ရသော အခြေအနေအထိ ဖြစ်တတ်ပါသည်။

သို့ဖြစ်ပါ၍ အပူဒဏ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရန် အောက်ပါအချက်အလက်များကို လိုက်နာကြပါရန် နှိုးဆော်အပ်ပါသည်။

(၁) နံနက် ၁၀နာရီမှ ညနေ ၅နာရီအတွင်း လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေဆိပ်စသည်တို့တွင် ရေချိုးခြင်းမှရှောင်ကြဉ်၍ အရိပ်ရအေးမြသော နေရာများတွင် နေပါ။
(၂) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းမှ ရှောင်ကြဉ်ပါ။
(၃) နေပူထဲတွင် ပြင်းထန်သော ကိုယ်လက်လှုပ်ရှားမှုများ မပြုလုပ်သင့်ပါ။
(၄) အရက်သောက်ခြင်းသည် အပူဒဏ်အန္တရာယ်ကို ဖြစ်ပေါ်လွယ်စေခြင်းနှင့် ဖြစ်ပွားပါက ပြင်းထန်စွာ ခံစားရခြင်းကြောင့် ရှောင်ကြဉ်သင့်ပါသည်။
(၅) နေ့ခင်းဘက် အပြင်ထွက်သည့်အခါတိုင်း အရိပ်လုံလောက်စွာ ရရှိနိုင်သည့် ထီး၊ ဦးထုပ်များ ဆောင်းပါ။
(၆) အလင်းရောင်ပြန်သော အဖြူရောင် သို့မဟုတ် အရောင်ဖျော့ဖျော့ အဝတ်အထည်များကို ဝတ်ဆင်ပါ။
(၇) ပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ။
(၈) ချွေးထွက်လွန်ပါက ကိုယ်တွင်းရှိ ရေနှင့် ဓာတ်ဆား ဆုံးရှုံးမှုကို ပြည်လည်ဖြည့်တင်းနိုင်ရန် ဓာတ်ဆားရည်သောက်ပါ။
(၉) ကိုယ်ပူရှိန်တက်ပါက ရေအေးဖတ် နိုင်နိုင်တိုက်ပါ။
(၁၀) ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအနေနှင့် နေ့လယ်နေ့ခင်းတွင် အရိပ်ရ၍ လေဝင်လေထွက်ကောင်းသော နေရာမျိုးတွင်နားနေပါ။
(၁၁) မိတ်ဖု၊ ယားနာများထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ။
(၁၂) အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း၊ ကိုယ်အပူချိန်တက်ခြင်း၊ သတိလစ်ခြင်းနှင့် အတက်ရောဂါဖြစ်ပါက နီးစပ်ရာကျန်းမာရေး ဌာနတွင် ပြသပါ။

ကျန်းမာရေးဝန်ကြီးဌာန

- ❑ မျိုးချစ်စိတ်ဓာတ် ထက်သန်သူတိုင်း・・
- ❑ လုံးဝလွတ်လပ်ရေးကို မြတ်နိုးသူတိုင်း・・
- ❑ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို လိုလားသူတိုင်း・・
- ❑ နယ်ချဲ့စွက်ဖက်မှုနှင့် နယ်ချဲ့သြဇာခံအဖြစ်ကို မလိုလားသူတိုင်း・・
- ❑ နယ်ချဲ့ကြိုးဆွဲရာကမည့် ရုပ်သေးအစိုးရ ပေါ်ပေါက်လာမည်ကို လက်မခံနိုင်သူတိုင်း・・

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို တစ်ခဲနက် ထောက်ခံမဲပေးကြစို့။

ပြည်သူ့နလုံးသား

ပျော်သလားဟေ့ မောင်တို့ရေ
ပျော်တယ်လေ့ ပျော်တယ်ဟေ၊
ပျော်သလားဟေ့ မယ်တို့ရေ
ပျော်တယ်လေ့ ပျော်တယ်ဟေ။
ပြည့်အကျိုးသယ်ပိုးနေ
ပြည်သူတွေအလေးထား၊
ထောက်ခံကာ အတည်ပြုမယ့်
ပြည်သူ့နလုံးသား။ ။

မြတ်သူမောင်

● မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
ဆူပူမှုဖြင့် ဒီမိုကရေစီ မရနိုင်။
အခြေခံဥပဒေဖြင့်သာ
ဒီမိုကရေစီ ရနိုင်သည်။

● ဒို့အနာဂတ် ဒို့ဖန်တီးဖို့
အခြေခံဥပဒေ အတည်ပြုစို့။

ယခုထက် ပြင်းထန်သော အပူချိန်များ မဖြစ်ပေါ်နိုင် ယခုနှစ် မုတ်သုံအဝင် အနည်းငယ်နောက်ကျမည်

မိုး/လေဝသနှင့်ဇလဗေဒ ညွှန်ကြားရေးမှူးချုပ် မြန်မာ့အလင်းသို့ပြောကြား

ဆက်သွယ်မေးမြန်းသူ - မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံမှတ်တမ်း - မြန်မာ့အလင်း

ရန်ကုန် ဧပြီ ၂၃

ယခုရက်ပိုင်းအတွင်း အပူဒဏ်က မြင့်မားလှသည်။ သိသာစွာ ပူပြင်းသောကြောင့် နေမထိ၊ ထိုင်မသာ ဖြစ်ကြရသည်။ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ အပူချိန်မြင့်မားသည်၊ ယင်းကဲ့သို့ အပူဒဏ်ကို မည်မျှအထိ ခံစားရမည်ကို ပြည်သူများ သိရှိနိုင်ရန်အတွက် မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်အား မြန်မာ့အလင်းက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းခဲ့မှုကို ဖော်ပြလိုက်ရပါသည်။

စာမျက်နှာ ၉ ကော်လံ ၅ ■

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဂုဏ်ပြုကြိုဆို ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများ ကျင်းပ

ရန်ကုန် ဧပြီ ၂၃

၂၀၀၈ ခုနှစ် မေ ၁၀ ရက်တွင် ကျင်းပမည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အနောက်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်အသီးသီး၌ မြေစိုက်ပိုစတာစိုက်ထူပွဲ အခမ်းအနားများကို သတ်မှတ်နေရာ အသီးသီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။

စာမျက်နှာ ၃ ကော်လံ ၄ ●

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်၌ မြေစိုက်ပိုစတာ စိုက်ထူပွဲ ကျင်းပစဉ်။ (သတင်းစဉ်)

ဘယ်သူခွဲခွဲ ဒို့မကွဲ ပေးကြပါစို့ ထောက်ခံမဲ။

24-4 (20).pmd 1 4/24/2008, 1:14 AM